ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးငွေမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးငွေရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊

ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ မီးဖွားခွင့် ခံစားခြင်းကို ကလေးမိခင်ဖခင်များ ထိရောက်စွာ ခံစားနိုင်စေရန် တိကျသည့်အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ မီးဖွားခွင့်ခံစားခြင်းကို ကလေးမိခင်ဖခင်များ ထိရောက်စွာ ခံစားနိုင်စေရန် တိကျသည့်အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ အားလုံးနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ရာထူးဝန် ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေမှာပါတဲ့ မီးဖွားခွင့် ခံစားခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အသစ် ပြဋ္ဌာန်းပေးလိုက်တဲ့ နိုင်ငံ့ဝန်ထမ်း ဥပဒေအရဆိုရင် မိခင်တွေဟာ မီးဖွားခွင့်ကို (၆)လအထိ ကျွန်တော်တို့ တိုးမြှင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ယခင်ကဆိုရင် (၃)လပဲရပါတယ်။ ဒီလိုပါပဲ မိခင်တွေကို ပေးသလိုပဲ ကလေးမီးဖွားတဲ့အချိန်မှာ ဖခင်တွေအတွက်လည်း Paternity Leave လို့ ခေါ်တဲ့ ဖခင်တွေအတွက် ဒါ မိခင်ကို ပြုစုစောင့်ရှောက်ပေးဖို့ ခွင့်ကလည်း အရေးကြီးပါတယ်။ နိုင်ငံတကာမှာလည်း ခွင့်ပြုလျက် ရှိပါတယ်။ ဒီ ဥပဒေ၊ နည်းဥပဒေတွေ ထဲမှာလည်း ပါပါတယ်။ ဒါပေမယ့် ဒီမှာ ကျွန်တော်တို့ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံ့သားကောင်းမျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့ဟာ ကိုယ်ဝန်ဆောင်ချိန်နဲ့ မွေးဖွားချိန်တွေမှာ မွေးကင်းစကလေး စောင့်ရှောက်မှုက အရေးအကြီးဆုံး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထိရောက်စွာ ဒီခွင့်တွေကို ခံစားခွင့်ပြုနိုင်ဖို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၁၀၁ နဲ့ ၁၀၂ တို့မှာ ဖော်ပြထားချက်တွေ ရှိပါတယ်။ အနည်းငယ်တင်ပြခွင့်ပြုပါ။ အမျိုးသမီးဝန်ထမ်းများ အနေဖြင့် မီးဖွားခွင့်ကို ခွင့် စတင်ခံစားသည့် နေ့ရက်မှစ၍ (၆)လ ခံစားခွင့်ရှိသည်။ အခြား ခွင့်များနှင့် ဆက်စပ်၍ ခွင့်မပြုရ။ ဆေးလက်မှတ် အထောက်အထားဖြင့် တောင်းခံပါက အခြား ခွင့်များကို မီးဖွားခွင့်၏ နောက်မှ ဆက်၍ ခွင့်ပြုနိုင်သည်။ ကိုယ်ဝန်ဆောင်နေသည့် ကာလအတွင်း သန္ဓေပျက်ကျသည့် အခြေအနေမျိုးတွင် ဆေးလက်မှတ် အထောက်အထားဖြင့် (၆)ပတ်ထက်မပိုသည့် မီးဖွားခွင့်ကို ခွင့်ပြုရမည်။ သန္ဓေပျက်ရန် စိုးရိမ်ဖွယ်ရာရှိသော အခြေအနေမျိုးတွင် မီးဖွားခွင့်မပေးရ။ အခြား သင့်လျော်ရာသာ ခွင့်ပြုရမည်။

နောက်တစ်ခါ ကိုယ်ဝန်အဆိပ်တက်ခြင်းတွင် မီးဖွားခွင့်ကို မထိခိုက်စေဘဲ ဆေးလက်မှတ်ဖြင့် (၆)ပတ်ထက် မပိုသော သင့်လျော်သည့် ခွင့်ကို ပေးရမည်။ အမွှာပူး သို့မဟုတ် ယင်းထက်ပို၍ မွေးဖွားပါက သာမန်မီးဖွားခွင့် ကုန်ဆုံးရက်၏ နောက်ရက်မှစပြီး ကလေးများ ပြုစုစောင့်ရှောက်နိုင်ရန် ရက်သတ္တပတ်(၆)ပတ်တိုး၍ မီးဖွားခွင့်အဖြစ် ခွင့်ပြုရမည်။ အမွှာပူးဆိုရင် ပိုပြီးတော့ ခွင့်ပြုထားတဲ့ သဘောပါခင်ဗျား။ မီးဖွားသူ ဝန်ထမ်းအမျိုးသမီး၏ ခင်ပွန်းသည်လည်း ဝန်ထမ်းဖြစ်ခဲ့သော် ဒီအချက် အရေးအကြီးဆုံးပါခင်ဗျား။ မွေးကင်းစကလေးများအား ပြုစုစောင့်ရှောက်ရန် ခင်ပွန်းဖြစ်သူကို ကလေးပြုစုစောင့်ရှောက် ခွင့် ရက်သတ္တပတ် (၂)ပတ် ခွင့်ပြုရမည်။ လစာနှုန်းပြည့် ခံစားခွင့်ပြုပြီး တာဝန်ချိန် အဖြစ်သတ်မှတ်ပေးရမည်။ ဒီလိုဖော်ပြထားပါတယ်။

အဲဒီတော့ ဒီမှာက အဓိက က ဘာကို ကျွန်တော်တို့က မေးမြန်းထောက်ပြချင်တာလဲဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မီးဖွားသူ ဝန်ထမ်းအမျိုးသမီး၏ ခင်ပွန်းသည်လည်း ဝန်ထမ်းဖြစ်ခဲ့သော် ဇနီးမောင်နှံ (၂)ဦးစလုံး ဝန်ထမ်းဖြစ်မှ ဒီခံစားခွင့်ကို ရပါတယ်။ အမျိုးသမီးကတော့ နိုင်ငံ့ဝန်ထမ်းအဖြစ်၊ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ သို့သော် ခင်ပွန်းသည်ဟာ နိုင်ငံ့ဝန်ထမ်း မဟုတ်ဘူးဆိုရင် ဒီ ဥပဒေပါ အခွင့်အရေးကို ခံစားခွင့် မရပါဘူး။ ဒီလိုပါပဲ ဝန်ထမ်း အမျိုးသားတစ်ယောက်ဟာ သူ့ရဲ့ ဇနီးသည် မီးဖွားတယ်။ ဒီ မွေးကင်းစကလေးလေးကို ပြုစုစောင့်ရှောက်ဖို့အတွက်ဟာ ဇနီးသည်ဟာ ဝန်ထမ်း မဟုတ်လျှင် ဒီခံစားခွင့်ကို မရပါဘူး။ တကယ့် တကယ်တော့ ဒီမွေးကင်းစကလေး အရွယ်လေးမှာ စောင့်ရှောက်ဖို့ရာ အရေးအကြီးဆုံး ဖြစ်ပါတယ်။

နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ဒီ နည်းဥပဒေထဲမှာ ကျွန်တော်တို့ ဖော်ပြထားတာက ကလေးအရှင် မွေးဖွားမှသာလျှင် ခံစားခွင့်ပြုသွားရမည်။ ကျွန်တော်တို့ ကလေးက မွေးစအချိန်မှာ (၇) ရက်အတွင်းမှာ ဒါ တိမ်းပါးသွားမယ်၊ ဆုံးသွားမယ်ဆိုရင် ဒီ ခွင့်ခံစားချက်တွေကို မရဘူးလို့ ဒါပြဋ္ဌာန်းထားပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့ First Pregnancy လို့ခေါ်တဲ့ သားဦး ကိုယ်ဝန်ဆောင်ပါတယ်။ မီးဖွား ပါတယ်။ ကလေးဟာ အသက်လုပြီးတော့ မွေးဖွားရပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် တိမ်းပါး သွားရတယ်ဆိုရင် ဒီ မိခင်အနေနဲ့ အင်မတန်မှ ဒါ စိတ်ထိခိုက် ခံစားရတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ ဒီ မိခင်ရဲ့ ကျန်းမာရေး အခြေအနေအရလည်းကောင်း၊ ဒါမှမဟုတ်ရင်လည်း ဒီ စိတ်ပိုင်းဆိုင်ရာ အခြေအနေ တွေကို ပြန်လည် တည်ငြိမ်ပြီးတော့ Recovery ရဖို့ လုံလောက်တဲ့ ခံစားခွင့်ကို ဒါ ကလေးမီးဖွားသလိုပဲ ပေးသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဖခင်ကလည်း ဒီ အချိန်မျိုးမှာ ဒါ ပြန်ပြီးတော့ အားပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ အဓိက တင်ပြလိုတာကတော့ ဒီ မီးဖွားခွင့် ဥပဒေတွေမှာ နည်းဥပဒေတွေနဲ့ ထုတ်ပြန်ထားတဲ့ အမိန့်၊ ညွှန်ကြားချက်တွေမှာ ကန့်သတ်မှုတွေ တော်တော်များများလေး ရှိနေပါတယ်။ တကယ့် တကယ်က အခု နိုင်ငံတော်က သွားနေတဲ့ ဒီ Maternal and Child Health အခုလွှတ်တော်မှာ တင်သွင်းထားတဲ့ ဒီ လူဦးရေ တိုးပွားနှုန်းနဲ့ ဒီ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဥပဒေတွေမှာလည်း ဒါကိုပဲ စောင်းပေးပြီးတော့ ကျွန်တော်တို့ပြဋ္ဌာန်းထားတာပါ။ ဒီမွေးကင်းစကလေးတွေကို စောင့်ရှောက်ဖို့ဆိုတဲ့ နေရာမှာ ဒီ နည်းဥပဒေ နဲ့ ဒီ အမိန့်၊ ညွှန်ကြားချက်တွေအရ ဆိုရင်တော့ လုံလောက်တဲ့ ခံစားခွင့်မျိုးကို ဖြည့်ဆည်းပေးနိုင်စွမ်း မရှိ သလိုမျိုး ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးဆီက နေပြီးတော့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌကြီးကို လေးလေးစားစား ပန်ကြားမေးမြန်းလိုတာကတော့ (၁) အစိုးရဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများအတွက် ဒီနေရာမှာတစ်ခုလေးပါခင်ဗျား။ ဒီ (၆)လဆိုတဲ့ နေရာမှာလည်း ဌာနတွေက လုပ်ထုံး လုပ်နည်းတွေ အမျိုးမျိုးကွဲပြားနေပါတယ်။ တချို့ဌာနတွေမှာကျတော့ မီးမဖွားခင်(၃)လ၊ မီးဖွားပြီးမှ (၃) လ ဒီလိုပေးနေတာမျိုးလည်း ရှိပါတယ်။ တကယ့် တကယ်က ဥပဒေထဲမှာ ပြဋ္ဌာန်းထားတာက ခွင့်စပြီး တော့ ခံစားတဲ့ နေ့ရက်မှ (၆)လဆိုတာ ဒါ အတိအကျပါပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ဒါလေးတွေကို Standardize ဖြစ်အောင်လို့ သာတူညီမျှ ခံစားနိုင်စေရန် တိကျသော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ။ အမှတ်(၂) မေးခွန်းကတော့ မွေးကင်းစ ကလေးငယ်တွေကို ပြုစုစောင့်ရှောက်ရန် ခင်ပွန်းဖြစ်သူအတွက် ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ်(၂)ပတ်ကို မိခင်ဟာ ဝန်ထမ်း မဟုတ်ရင်လည်း အထူးအရေးကြီးကိစ္စရပ် ဖြစ်ပါက ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိ။ အမှတ်(၃)အချက်ကတော့ မွေးကင်းစကလေးငယ် သေဆုံးခဲ့လျှင် ဒါ မိခင်နဲ့ ဖခင်အတွက် စိတ်ရောကိုယ်ပါ ပြန်လည်ပြီးတော့ အားဖြည့်တင်းပေးနိုင်ဖို့အတွက် သင့်လျော်တဲ့ ခံစားခွင့် တစ်ရပ်ရပ်ကို ခံစားခွင့်ပြုနိုင်ဖို့ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိတို့ကို အများပြည်သူအကျိုးငှာ အပြုသဘောမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်သူ (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကျွန်တော်မှ ဂါရဝပြု အပ်ပါတယ်။ ခုနက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး က မီးဖွားခွင့်နဲ့စပ်လျဉ်းပြီး အချက်(၃)ချက်ပါ ကြယ်ပွင့်ပြမေးခွန်း တစ်ရပ်ကို တင်သွင်းခဲ့ခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ တစ်ချက်ချင်း ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒေါက်တာမြတ်ဉာဏစိုး မှ အစိုးရဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများအတွက် ပြည့်ဝ လုံလောက်သော မီးဖွားခွင့်ကို သာတူညီမျှ ခံစားနိုင်စေရန် တိကျသော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိဆိုပြီး မေးထားတဲ့ ပထမအချက်နဲ့ စပ်လျဉ်းပြီး ခုန ဒေါက်တာ မြတ်ဉာဏစိုး တင်ပြသွားတဲ့ အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို ၂၀၁၄ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၆/၂၀၁၄ ရဲ့ အတည်ပြုချက်ဖြင့် မတ်လ (၂၆)ရက်နေ့မှာ ကျွန်တော်မှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

ဒီ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများမှာ မီးဖွားခွင့်နဲ့ စပ်လျဉ်းပြီး နည်းဥပဒေ ၁၀၁၊ နည်းဥပဒေ ၁၀၂ ပါ စကားရပ်များဟာ မထုတ်ပြန်မီကတည်းက ကျွန်တော်တို့ နှီးနွယ်သက်ဆိုင်တဲ့ ကျန်းမာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းစသည်တို့နဲ့ ကျေညက်စွာ ညှိနှိုင်းဆွေးနွေးပြီး ရရှိချက်များ အပေါ် မူတည်ပြီးတော့ သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်တဲ့အတွက် တိကျလုံလောက်မှုရှိပြီး ဒွိဟဖြစ်စရာ အကြောင်းမရှိလို့ ဒီလိုပဲ ကျွန်တော့်အနေနဲ့တော့ တွေ့မြင်ပါတယ်။ မီးဖွားခွင့်နဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်း ပါ။ သူကလည်းအလားတူ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေဟာ မည်သည့်နေ့ရက်မှာ စတင်အာဏာသက်ရောက်ပါသလဲ။ အမိန့်စာ စတင်ထုတ်ပြန်တဲ့ နေ့မှာ အာဏာသက်ရောက်တယ်ဆိုရင် မတ်လ(၂၆)ရက်နေ့ နောက်ပိုင်းမှာ မီးဖွားခွင့် (၃)လသာ ရရှိ ထားတဲ့ ဝန်ထမ်းများအတွက် (၆)လတိုးမြှင့်ခံစားခွင့် ရှိသလား။ ပင်စင်ကဲ့သို့ အခြားခံစားခွင့်များလည်း နစ်နာဆုံးရှုံးနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင်အာဏာသက်ရောက်စဉ်က လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာ အဆင့်ဆင့်သို့ ဆောလျင်စွာ ညွှန်ကြားခဲ့နိုင်ခြင်း ရှိ/မရှိ ဆိုပြီးတော့ ပြည်သူ့လွှတ်တော်မှာ မေးခွန်းတစ်ရပ် တင်သွင်းခဲ့ဖူးပါတယ်။

ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကိုယ်တိုင်တက်ရောက် ရှင်းလင်းဖြေကြား ခဲ့ပြီးတော့ ဒီ ဖြေကြားချက်နဲ့ ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုအရ ကျွန်တော်တို့ ဝေးလံခေါင်သီဒေသများမှာ နောက်တစ်ခါ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ဒေသတွေမှာ တာဝန် ထမ်းဆောင်နေရတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ အနက်ကနေပြီး မီးဖွားခွင့် အပါအဝင် သိသင့်သိထိုက်တဲ့ နည်းဥပဒေတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေဖို့ သူတို့ရဲ့ အခွင့်အရေး

တွေ မဆုံးရှုံး စေဖို့အတွက် နိုင်ငံတော်ပိုင် သတင်းစာတွေ၊ ဂျာနယ်တွေ၊ နောက် ကျွန်တော်တို့ ရာထူးဝန်အဖွဲ့က တင်ထားတဲ့ Website တို့မှာ (၃)လခန့် ကျွန်တော်တို့ ကောက်နုတ်ဖော်ပြပေးခဲ့တာ ရှိပါတယ်။

ဒါကြောင့်လည်း ယနေ့အချိန်အထိ ကျွန်တော့်အတွေ့အကြုံအရတော့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အနေနဲ့ မီးဖွားခွင့်နဲ့ ပတ်သက်ပြီးတော့ အဆင်မပြေတာတွေ၊ အခက်အခဲတွေ၊ နောက် မတိကျတဲ့အတွက် ကျွန်တော်တို့ဆီကို မေးမြန်းတာတွေ၊ သဘောထားမှတ်ချက် တောင်းခံတာတွေ မရှိတာကို တွေ့ရပါတယ်။ ဒါတွေကို ထောက်ရှုခြင်းအားဖြင့် အခုထုတ်ပြန်ထားတဲ့ နည်းဥပဒေဟာ ပြည့်စုံတိကျပြီး လုံလောက်တဲ့အတွက် ထပ်မံပြီး အမိန့်ညွှန်ကြားချက်ထုတ်ပြန်ဖို့ ကျွန်တော်တို့အနေနဲ့ အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒီမှာ ကျွန်တော်တစ်ချက် ဖြည့်စွက်ပြီးတော့ တင်ပြလိုပါတယ်။ ခုန ဒေါက်တာမြတ်ဉာဏစိုး က ခွင့်(၆)လဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း တချို့ဝန်ကြီးဌာနတွေက မီးမဖွားခင်(၃)လ၊ မီးဖွားပြီး (၃)လ စသည်ဖြင့် ဝိဝါဒကွဲနေတာတော့ ကျွန်တော်တို့ ရာထူးဝန်အဖွဲ့ရဲ့ တာဝန်မဟုတ်ပါဘူး။ ဥပဒေမှာ အတိအကျ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ခွင့်စတင်တဲ့ နေ့ကစပြီးတော့ (၆)လလို့ သတ်မှတ်ထားတဲ့အတွက် ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ဖို့ပဲ လိုအပ်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ မွေးကင်းစ ကလေးငယ်တွေကို ပြုစုစောင့်ရှောက်ဖို့ ခင်ပွန်းဖြစ်သူအတွက် ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ်(၂)ပတ်ကို မိခင်ဝန်ထမ်း မဟုတ်သော်လည်း အထူးအရေးကြီးကိစ္စဖြစ်ပါက ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိဆိုပြီး မေးထားတာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၁၊ နည်းဥပဒေခွဲ(ဈ)မှာ မီးဖွားသူ ဝန်ထမ်းအမျိုးသမီး၏ ခင်ပွန်းဟူ၍ တိကျစွာ ဖော်ပြသုံးနှုန်းထားရှိတဲ့အတွက် ဝန်ထမ်းမဟုတ်တဲ့ အမျိုးသမီးများ မီးဖွားခြင်းနဲ့ အကျုံးမဝင်တဲ့အပြင် အကယ်၍ ဝန်ထမ်းဟာ ဝန်ထမ်းခင်ပွန်းကို ကျွန်တော်တို့ ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ်(၂)ပတ် ခံစားခွင့်ပြုရမယ် ဆိုပါကလည်း ဒီထုတ်ပြန်ထားတဲ့ ဥပဒေနဲ့တော့ ညီညွတ်မှာ မဟုတ်ပါဘူး။ သို့သော်လည်း တစ်ဖက်က ကိုယ့်ဇနီးဟာ ဝန်ထမ်းမဟုတ်ဘူး။ နောက် ကလေးအတွက်ကြောင့်ပဲ ဖြစ်စေ၊ ဇနီးသည်အတွက်ကြောင့်ပဲ ဖြစ်စေ၊ ဒီ ပြုစုစောင့်ရှောက်ဖို့ လိုအပ်တယ်ဆိုလို့ရှိရင်လည်း တခြားအခွင့်အလမ်း ဖွင့်ပေးထားတာ ရှိပါတယ်။ ဒါကတော့ ဒီ အမျိုးသားဝန်ထမ်းအနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၄ မှာ ပါရှိတဲ့ ခွင့်အမျိုးအစား (၁၀)မျိုး ရှိပါတယ်။ ဒီ (၁၀)မျိုးအနက်က ဆီလျော်မယ့်၊ သင့်တင့်မယ့် ခွင့်တစ်မျိုးမျိုးကို ခံစားနိုင်တဲ့ အခွင့်အလမ်း ရှိတဲ့အတွက် ကျွန်တော်တို့ ဇနီးသည်ဟာ ဝန်ထမ်းမဖြစ်ဘဲနဲ့ ယောကျ်ားကို၊ ခင်ပွန်းသည်ကို ကျွန်တော်တို့ ခွင့်တိုးပေးဖို့ဆိုတာ အစီအစဉ် မရှိကြောင်း ဒီမှာလည်း ရှင်းလင်းတင်ပြလိုပါတယ်။

ဒီမှာလည်း ကျွန်တော် တစ်ဆက်တစ်စပ်ထဲမှာ ရှင်းလင်းဖြည့်စွက်ပြီးတော့ တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင် အားလုံးသိတဲ့အတိုင်း (၁၀)နိုင်ငံ ရှိပါတယ်။ (၁၀)နိုင်ငံမှာ ဇနီးဝန်ထမ်းဖြစ်သူ မီးဖွားတဲ့အတွက် ခင်ပွန်းဝန်ထမ်းကို Paternity Leave လို့ ခေါ်တဲ့ ခွင့်ပေးတာ ကျွန်တော်တို့ နိုင်ငံရယ်၊ စင်ကာပူရယ် (၂)နိုင်ငံပဲ ရှိပါတယ်။ စင်ကာပူနိုင်ငံ ဆိုလို့ရှိရင် (၄)ပတ်ပေးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုမှ ဒီနည်းဥပဒေ စတင်မှ ကျွန်တော်တို့ (၂)ပတ်ပေးပါတယ်။ ဒါဆိုရင် စင်ကာပူနိုင်ငံက တို့ထက်များတာပဲလို့ ပြောလို့ ရကောင်းရနိုင်ပါတယ်။ သို့သော်တစ်ဖက်က စင်ကာပူနိုင်ငံမှာ အမျိုးသမီးဝန်ထမ်း မီးဖွားလို့ရှိရင် ပေးတဲ့ခွင့်ကာလသည် (၅၆)ရက် ရှိပါတယ်။

တစ်နည်းအားဖြင့် (၂)လပဲ ပေးပါတယ်။ ကျွန်တော်တို့က ဇနီးကို (၆)လပေးထားပါတယ်။ ထို့အပြင် အခုနောက်ဆုံး ထုတ်ပြန်တဲ့ နည်းဥပဒေမှာလည်း ခင်ပွန်းသည်အနေနဲ့ အထောက်အကူပြုနိုင်ဖို့ ဆိုပြီးတော့ (၂)ပတ်ပေးထားတဲ့အတွက် ဒါဟာ အာဆီယံ Standard နဲ့ ကြည့်မယ်ဆိုရင်တော့ ဒါ သင့်တင့်ရုံမက ကျွန်တော်တို့က ပိုပြီးတော့ အခွင့်အလမ်း ကိုယ့်နိုင်ငံဝန်ထမ်းတွေအတွက်ကို ပေးထားတယ် ဆိုတာ ပေါ်လွင်စွာဖြင့် တွေ့မြင်ရမှာ ဖြစ်ပါ ကြောင်းလည်း ဖြည့်စွက်တင်ပြလိုပါတယ်။

တတိယအချက်ဖြစ်တဲ့ မွေးကင်းစ ကလေးငယ် သေဆုံးခဲ့လို့ရှိရင် မိခင်နဲ့ ဖခင်အတွက် စိတ်ရော ကိုယ်ပါ ပြန်လည်အားဖြည့်တင်းပေးနိုင်ရန်အတွက် သင့်လျော်တဲ့ ခံစားခွင့်တစ်ရပ်ကို အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၁၀၁ ပါ ပြဋ္ဌာန်းချက်နဲ့ အညီ မီးဖွားခွင့်ကို ခံစားနေစဉ်ကာလအတွင်းမှာ ဆိုပါစို့ မွေးကင်းစကလေးဟာ သေဆုံးသွားတယ် ဆိုလို့ရှိရင် မိခင်ဖြစ်သူကို သူ့ကို မူလခွင့်ပြုထားတဲ့ နည်းဥပဒေပါ သတ်မှတ်ထားတဲ့ ကာလ(၆)လ ပြည့်တဲ့အထိ ကျွန်တော်တို့ ခွင့်ဆက်လက်ခံစားခွင့် ရှိမှာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း နည်းဥပဒေ ၁၀၁ (ဇ)အရ မွေးကင်းစကလေးကို ပြုစုစောင့်ရှောက်နိုင်ဖို့အတွက်ဆိုပြီးတော့ ဖခင်ကို ခွင့်ပြုထားတဲ့ ရက်သတ္တပတ် (၂)ပတ်ထက်တော့ ပိုပြီးတော့ ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။ ဒီဟာနဲ့ ပတ်သက်ပြီးတော့လည်း ဒွိဟဖြစ်စရာ မရှိတဲ့အတွက် ကျွန်တော်တို့ သီးခြားအမိန့်တွေ၊ ညွှန်ကြားချက်တွေ ထပ်မံထုတ်ပြန်ပေးဖို့ အစီအစဉ် မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အားလုံးကို ကျွန်တော် ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးမြန်းခွင့်ပြုပါခင်ဗျား။ ပြည့်ပြည့်စုံစုံ ဖြေကြားသွားတဲ့ ရာထူးဝန် ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဟုတ်ပါတယ်။ နည်းဥပဒေတွေထဲမှာ ပြဋ္ဌာန်းထားတာတွေက တိကျပေမယ့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ကျင့်သုံးနေတာကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ပဲ ဆိုင်ပါလိမ့်မယ်ခင်ဗျား။ ကျွန်တော်တို့ ဒီ အမိန့်ကြော်ငြာစာ၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာမှာ ကျွန်တော် ဒါ ခုနကလည်း ရှင်းအောင်လို့ ထပ်မေးတာပါခင်ဗျား။ ဒီ Paternity Leave ဟာ ဝန်ထမ်းအမျိုးသမီး၊ အမျိုးသား နှစ်ဦးစလုံးက ဝန်ထမ်းဖြစ်မှ ခံစားခွင့်ပြုတာပါလားဆိုတာလေးကို ဒါ ကျေကျေလည်လည် Confirm တစ်ချက်လုပ်ချင်ပါတယ်။

နောက်တစ်ခုကကျတော့ ကျွန်တော်တို့ မီးဖွားခွင့် စတင်ခံစားပြီး (၂)လအကြာ မီးဖွားစဉ် ကလေးအရှင်မွေးဖွားသော်လည်း (၇)ရက်ခန့်တွင် မွေးကင်းစကလေး သေဆုံးမှု ဖြစ်ပေါ်ပါက ကလေးအား ပြုစုစောင့်ရှောက်ရန် မလိုအပ်တော့သဖြင့် ယခင်ခံစားခဲ့ပြီးသော (၂)လနဲ့ (၇)ရက်နဲ့ သက်ဆိုင်ရာ ဆရာဝန်မှ ဆေးစစ်ထောက်ခံသော ခွင့်ကာလပေါင်း၍သာ ပြင်ဆင်ထုတ်ပြန်သွားရမည် ဆိုတာလည်း ပါပါတယ်။ ဒါ အမိန့်ညွှန်ကြားချက်မှာ၊ နောက်တစ်ခါ အမိန့်ကြော်ငြာစာမှာ ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားတာပါ။

နောက်တစ်ပိုဒ်က ဘာပါ ပါသေးလဲဆိုတဲ့အခါ နောက်တစ်ချက်က မီးဖွားခွင့်(၆)လ ခံစားခွင့်ပြုခြင်းမှာ မိခင်နဲ့ကလေး ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ဝန်ထမ်းအမျိုးသမီးများအား ခံစားခွင့်ပြုခြင်းဖြစ်၍ ကလေးပြုစုစောင့်ရှောက်ရန် မလိုအပ်တော့သည့် အခြေအနေတွင်ဆိုတာ ပါပါတယ်။ တကယ့်တကယ်ကတော့ ဒါ ကျန်းမာရေးဝန်ထမ်းတိုင်းလည်း သိပါ

တယ်။ (၆)လအထိဟာ မိခင်နို့ရည်ကို တိုက်ကျွေးပြီးတော့ အဲဒီအချိန်မှာ (၆)လထိတိုက်ကျွေးတဲ့မိခင်နို့ရည်ထဲမှာ ကလေးအတွက် လုံလောက်တဲ့ အာဟာရဓာတ်တွေ အပြည့်အဝပါနေသေးတာပါခင်ဗျား။ အဲဒီတော့ ကလေးပြုစု စောင့်ရှောက်ရန်မလိုအပ်တော့သည့်ဆိုတာဟာ (၆)လ မှာ ပြုစုစောင့်ရှောက်ဖို့ကတကယ်ကို မဖြစ်မနေလိုအပ်တဲ့အနေအထားပါ ဥက္ကဋ္ဌကြီးခင်ဗျား။

အဲဒီတော့ ဒါလေးတွေကိုလည်း ဒီ ခုနတုန်းကတော့ ရာထူးဝန်ဥက္ကဋ္ဌကြီးက ဖြေကြားသွားတာရှိပါတယ်။ ပြန်လည်ပြင်ဆင်ပေးဖို့ မရှိဘူးဆိုပေမယ့် ဒါလေးတွေကို ပြန်လည်သုံးသပ်ပေးဖို့ အစီအစဉ် ရှိ၊ မရှိရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ Paternity Leave ကို ဝန်ထမ်းအမျိုးသားရော၊ အမျိုးသမီးရော နှစ်ဦးစလုံး ဝန်ထမ်းဖြစ်မှ ခံစားခွင့်ပြုတာ ဟုတ်ပါသလားဆိုတာလေးကို ပြန်လည်ဖြေကြားပေးစေလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်သူ (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မေးခွန်းမေးမြန်းသူ ဒေါက်တာမြတ်ဉာဏစိုး ခင်ဗျ၊ ဒီပထမထပ်ဆင့်မေးခွန်းနဲ့ ပထမတစ်ချက်ဖြစ်တဲ့ ဝန်ထမ်းဆိုတဲ့နေရာမှာ အမျိုးသားရော၊ အမျိုးသမီးရော နှစ်ဦးစလုံးဖြစ်မှသာလျှင် အမျိုးသမီးအနေနဲ့ ရှင်းရှင်းလွယ်လွယ်ပြောရရင်(၆)လ၊ အမျိုးသားဝန်ထမ်းအတွက် (၂)ပတ်၊ ဒီလိုခွင့်ပြုတာ ဟုတ် မဟုတ် ဆိုတဲ့ဟာ ကျွန်တော်တို့ နည်းဥပဒေထဲမှာ အတိအကျ ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် ဟုတ်ပါသည်လို့ပဲ ကျွန်တော် အတိအကျ ပြန်ပြီးတော့ ဖြေကြားလိုပါတယ်။ ဒီဥပဒေ ကျွန်တော်တို့ ဒီ နည်းဥပဒေ နောက်ဆုံး ထုတ်ပြန်ပြီးတဲ့ နောက်ပိုင်းမှာလည်း ကျွန်တော် လက်လှမ်းမီသလောက် ကိုယ့်ဌာနတင် မကပါဘူး၊ တခြားသော ဝန်ကြီးဌာနမှာလည်း အလားတူ အမျိုးသားရော၊ အမျိုးသမီးရော နှစ်ဦးစလုံး ဝန်ထမ်းဖြစ်နေတဲ့ ဌာနတွေမှာလည်း ဒီလိုပဲ ခွင့်ပြုပေးနေတယ်၊ ဒီလိုပဲ ခွင့်ခံစားခွင့်ရရှိနေတယ်လို့ ကျွန်တော့်အနေနဲ့တော့ ကြားသိရပါတယ်။

ဒီနေရာမှာလည်းထပ်ပြီးတော့ ကျွန်တော် ထပ်ဆင့်ပြီးတော့ ရှင်းအောင် တင်ပြရမယ်ဆိုရင် အမျိုးသားဖြစ်သူက ဝန်ကြီးဌာနတစ်ခု၊ အမျိုးသမီးဖြစ်သူက အခြားဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခု ဆိုလို့ရှိရင်လည်း ဒီဟာသည် ဒီနည်းဥပဒေသည် အကျုံးဝင်တာဖြစ်တဲ့အတွက် အခု Paternity Leave မှာ ဝန်ထမ်းနှစ်ဦးစလုံးသည် ကျားရော၊ မရော နှစ်ဦးစလုံးသည် ဝန်ထမ်းဖြစ်မှသာလျှင် ဒီ ဥပဒေဘောင်နဲ့ ညီပါမယ်ဆိုတဲ့အချက်ကို ကျွန်တော် Qualify လုပ်ချင်ပါတယ်။

နောက်တစ်ခုကတော့ ရှင်းပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော် တင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ ဒီ နည်းဥပဒေကို ကျွန်တော်တို့ အချိန်ယူပြီး ပြုစုစဉ်ကတည်းက ဒေသတွင်းနိုင်ငံများရဲ့ ကျင့်သုံးတဲ့ အစဉ်အလာတွေ၊ နောက်တစ်ခါ ယခင်က ကျွန်တော်တို့ FRA၊ SRA အဲဒီအပြင်ကို ကျွန်တော် တင်ပြခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် နောက် မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းစသည်ဖြင့် သူတို့နဲ့ပါ ခေါ် အချိန်ယူညှိ၊ ညှိပြီးတော့မှ ဒီသတ်မှတ်ချက်တွေ၊ ဒီစည်းမျဉ်းတွေပါဝင်တဲ့ နည်းဥပဒေတွေ ထုတ်ပြန်တာဖြစ်ပါတယ်။

နောက်နည်းဥပဒေကလည်း ၂၀၁၄ မတ်လ (၂၆) ရက် နေ့စပြီးတော့ သက်ဝင်ပါပြီလို့လည်း ကျွန်တော် ထည့်သွင်းပြီး တင်ပြသွားတာရှိပါတယ်။ အဲဒီအတွက် နောက်ပိုင်းမှာ ခုန ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနကနေပြီးတော့မှ ကလေးဆုံးသွားခဲ့သော် ကလေးဆုံးသွားပြီးရင် ဆက်လက်ပြီးတော့ ပြုစုစောင့်ရှောက်ရန် မလိုတော့တဲ့အတွက် ထပ်ပြီးတော့ ဒီခွင့်တွေကို ခံစားခွင့်မပြုဘူး၊ ဘာညာ

စသည်ဖြင့် ဒီဟာတွေသည် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနည်းလမ်းအရ ကျင့်သုံးတယ်ဆိုရင်တော့ ကျွန်တော်တို့ ထောက်ပြစရာ၊ စွက်ဖက်စရာအကြောင်းမရှိပါဘူး။ ဒါပေမဲ့ အားလုံး ဒီမှာတက်ရောက်နေတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး သိတဲ့အတိုင်း ဥပဒေတစ်ခု၊ နည်းဥပဒေတစ်ခုသည် ပြည်ထောင်စုလွှတ်တော်၊ အစိုးအဖွဲ့တို့ရဲ့ အတည်ပြုခွင့်ပြုချက်အရ ထုတ်ပြန် ပြီးတဲ့နောက်မှာဝန်ကြီးဌာန အဖွဲ့စည်းအားလုံးသည် တစ်ပြေးညီ ဒီဟာကို လိုက်နာကျင့်သုံးဖို့ပဲ ရှိတဲ့ အတွက် နောက်ဆုံးကျွန်တော် ဖြေကြားတင်ပြခဲ့သလိုပဲ အမျိုးသမီးသည် မီးဖွားတယ်၊ (၁)လလောက်အကြာမှာ ဒီကလေးဆုံးပါးသွားတယ်ဆိုရင် ကျန်ရှိတဲ့သူ ခံစားခွင့် အသလွန်ဖြစ်တဲ့(၅)လကို ဆက်လက်ပြီးတော့ အပြည့်အဝခံစားခွင့်ရှိနိုင်မှာ ဖြစ်ပါတယ် ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကန်ပက်လက်မြို့နယ်၊ ရှင်ဘောင်မှ မုလောင်းအထိ လမ်းအပိုင်းနှင့် မုလောင်းမှ မကြားအိမ်နူး၊ လယ်မြို့ချောင်းအထိ (ဆိုင်ကယ်လမ်းဖောက်လုပ်ပြီး) လမ်းအပိုင်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ကန်ပက်လက်မြို့နယ်၊ ရှင်ဘောင်မှ မုလောင်း အထိ လမ်းအပိုင်းနှင့် မုလောင်းမှ မကြားအိမ်နူး၊ လယ်မြို့ချောင်းအထိ (ဆိုင်ကယ်လမ်းဖောက်လုပ်ပြီး)လမ်းအပိုင်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကန်ပက်လက်မြို့နယ်၊ ရှင်ဘောင်မှ မုလောင်းအထိ လမ်းအပိုင်းနှင့် မုလောင်းမှ မကြားအိမ်နူး၊ လယ်မြို့ချောင်းအထိ (ဆိုင်ကယ်လမ်းဖောက်လုပ်ပြီး)လမ်းအပိုင်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့နယ်မှာရှိတဲ့ ဒီ မကြားအိမ်နူးရွာအထိကို ဖောက်ဖို့ရာအတွက် မိုင်(၁၀၀)ဝန်းကျင်ရှိပါတယ်။ ဒီနေရာမှာ ရှင်ဘောင်ကနေပြီးတော့ ကျွန်တော်တို့ ခါနန်း- မုလောင်းလမ်းအပိုင်းကို ၂၀၁၃-၂၀၁၄ မှာ စတင်ဖောက်လုပ်ခဲ့ပါတယ်။

ဒီလမ်းအပိုင်းမှာ ကျန်နေပါတယ်။ ကျန်နေသော်ငြားလည်းပဲ ဒီ ၂၀၁၄ မှာ ဒီနှစ် ဒီရာသီမှာပဲ ပြန်ပြီးတော့ ဖောက်လုပ်နေကြောင်း သတင်းရရှိပါတယ်။ သို့သော်လည်းပဲ ဒီ မုလောင်းကနေပြီးတော့ မကြားအိမ်နူးထိ ဖောက်ဖို့ရာအတွက် ဒီကနေ့ ကျန်နေတာ အင်မတန်မှလည်း လိုအပ်လျက်ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းအပိုင်းကို ဒီနေ့ဖောက်လုပ်ပေးဖို့ရာအတွက် ကျွန်တော် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလမ်းအပိုင်းဟာဖြင့်ရင် ဒီ ကန်ပက်လက်မြို့နယ်နဲ့ ကန်ပက်လက်မြို့နယ် အတွင်းမှာ ရှိတဲ့ ရွာချင်းဆက် လမ်းများအနေနဲ့ အသုံးပြုရသလို ကန်ပက်လက်မြို့နယ်နဲ့ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ပလက်ဝမြို့နယ်များကိုလည်း ဆက်သွယ်သွားလာနိုင်တဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းပိုင်းနဲ့ မုလောင်း အထိ လမ်းအပိုင်းနဲ့ မုလောင်း ကနေ ဆက်ပြီးတော့ မကြားအိမ်နူး အထိ ဖောက်သွားမယ့် လမ်းအပိုင်းကို လမ်းအကြမ်းဖျဉ်းအားဖြင့် ဆိုင်ကယ်လမ်းဖောက်ပြီးသားလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီပြည်ထောင်စုအစိုးရအနေနဲ့ ဒီလမ်းအပိုင်းကို ဖောက်လုပ်ပေးဖို့ရာအတွက် ဒီ ၂၀၁၅-၂၀၁၆ မှာ ဘဏ္ဍာနှစ်မှာ ဖောက်ပေးနိုင်ဖို့ရာအတွက် အစီအစဉ် ရှိ/မရှိကို လေးစားစွာ ပြည်သူများရဲ့ ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကလေးမြို့တွင် မြေဂရန်များ ဆက်လက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကလေးမြို့တွင် မြေဂရန်များ ဆက်လက်ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများနဲ့ ဖိတ်ကြားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ကလေးမြို့ပေါ်မှာ မြေဂရန်တွေ လျှောက်ထားတဲ့ကိစ္စ ဖြစ်ပါတယ်။

ကလေးမြို့က ကျွန်တော်တို့ ရပ်ကွက် (၁၉)ရပ်ကွက်ရှိပြီး၊ နောက်ဆုံးကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းအရ လူဦးရေ(၁၁၀၀၀၀)ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ရပ်ကွက်(၁၉)ရပ်ကွက်မှာ အိမ်ခြေ(၂၂၀၀၀)ကျော်ရှိပြီး၊ အိမ်ခြေ(၃၅၀၀)ကတော့ မြေဂရန်ထုတ်ယူရရှိပြီး ဖြစ်ပါတယ်။ ကျန် အိမ်ခြေ(၁၈၀၀၀)ကျော်မှာ မြေဂရန်ချပေးနိုင်ခြင်း မရှိတော့ပါဘူး။ မြေဂရန်ချပေးနိုင်ခြင်း မရှိတာရဲ့ အဓိကအကြောင်းအရင်းကတော့ ဒီနေရာတွေဟာ အရင်က ရှေးတုန်းကတော့ လယ်မြေတွေဖြစ်ပါတယ်။ ဒီနေရာကို အိမ်တွေ ဆောက်လိုက်တဲ့အခါမှာ လယ်ယာမြေအခြား နည်းသုံးပြုခွင့် လရ(၃၀)၊ ယခင်လန(၃၉)ပေါ့ မရှိတဲ့အတွက်ကြောင့်မို့ သိရှိရပါတယ်။

ဒီ ရပ်ကွက်တွေဟာ လွန်ခဲ့သောနှစ်ပေါင်းများစွာကမှ တည်ရှိခဲ့ပြီး အိမ်ရာ အတည်တကျ တည်ဆောက်နေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ မြေဂရန် ထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်ပိုင်မြေကို တရားဝင် ငှားရမ်းနေထိုင်သူများဖြစ်လာပြီး နိုင်ငံတော်မှမြေငှားခ ရရှိသွားမှာ ဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှုများမှာလည်း အာမခံချက်ရှိတဲ့အတွက် ဘဏ်များမှ ချေးငွေများရရှိလာမှာ ဖြစ်ပါတယ်။ အတိုးနှုန်းသက်သာသော ချေးငွေများရရှိသဖြင့် လုပ်ငန်းများတိုးချဲ့လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ အိမ်မြေ အတည်တကျ တည်ဆောက်ထားပြီးဖြစ်တဲ့အတွက် လယ်ယာမြေ ပြန်လည်ဖြစ်ဖို့လည်း အကြောင်းမရှိတော့ပါဘူး။

ဒါကြောင့်မို့လို့ အဲဒီလို လယ်ယာမြေ ပြန်မဖြစ်နိုင်မယ့်အတူတူ တရားဝင်မြေဂရန်ချပေးခြင်း အားဖြင့် အကျိုးမဲ့စရာအကြောင်းလည်းမရှိပါဘူး။ အကျိုးများဖို့ပဲ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြို့တစ်မြို့ထဲ ဖြစ်တဲ့ကိစ္စမဟုတ်ပါဘူး။ အခြားမြို့တွေလည်း ဒီလိုဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့်မို့ ကလေးမြို့မှာ မြေဂရန်များ ဆက်လက်ချပေးနိုင်ရန်အတွက် မည်သို့ အစီအစဉ်ထားရှိပြီး၊ မည်ကဲ့သို့ မည်သည့်ကာလတွင် မြေဂရန်များချပေးနိုင်မယ်ဆိုတာကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ငြိမ်းချမ်းရေး ဖော်ဆောင်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းတို့နှင့် ဆက်စပ်နေသော တိုင်းရင်းသားများက ယင်းတို့နယ်မြေအတွင်း နယ်မြေ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်အတွက် လာရောက်ကြသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို တားဆီးခြင်းအပေါ် မည်သို့ ညှိနှိုင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် က ငြိမ်းချမ်းရေး ဖော်ဆောင်နေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းတို့ နှင့် ဆက်စပ်နေသော တိုင်းရင်းသားများက ယင်းတို့နယ်မြေအတွင်း နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်အတွက် လာရောက်ကြသော လုပ်ငန်းရှင် များ၊ ကုမ္ပဏီများကို တားဆီးခြင်းအပေါ် မည်သို့ညှိနှိုင်းပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒီအဖွဲ့အစည်းတို့နဲ့ ဆက်စပ်နေတဲ့ တိုင်းရင်းသားများက သူတို့ နယ်မြေအတွင်းမှာ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ဖို့အတွက် လာရောက်ကြသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို တားဆီးခြင်းအပေါ် ဘယ်လို ညှိနှိုင်းဆောင်ရွက်ပေးမလဲဆိုတာကို သိရှိလိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်မေးခွန်းဟာ တင်ပြပါ အကြောင်းအရာနဲ့ မေးထားပေမယ့် နိဂုံးချုပ်မေးခွန်းများဟာ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းယိုယွင်းနေတဲ့ အနေအထားလေးတွေနဲ့ ဆက်စပ်နေတဲ့အတွက် ဒါလေးလည်း ကျွန်တော့်ကို ခွင့်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တင်ပြမယ့်ကိစ္စတွေဟာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်တဲ့ လက်နက်ကိုင် တိုင်းရင်းသားများနဲ့ ဆက်စပ်နေတဲ့ ကိစ္စများဖြစ်တဲ့အတွက် ကျွန်တော် တတ်နိုင်သမျှ အမှားမပါအောင် တင်ပြပြောဆိုသွားမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတဲ့ အနေအထားလေးတွေရှိတဲ့အတွက် တချို့ တစ်ချက်နှစ်ချက် ကျွန်တော် အကြံပြုတင်ပြတဲ့အခါမှာ လက်ခံပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြတောင်းခံအပ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ထားဝယ်မြို့ကနေပြီးတော့ ကီလိုမီတာ(၁၁၀)ပတ်ဝန်းကျင်လောက်မှာရှိတဲ့ ဆင်ဖြူဒိုင်ကျေးရွာဟာ နိုင်ငံတော်အစိုးရကနေပြီးတော့မှ ဒီဒေသရေရှားပါးတဲ့အတွက် စိမ့်စမ်းရေသွယ်တန်းမှုလုပ်ငန်းကို ခွင့်ပြုဖို့ အတွက် ဒါ ကုမ္ပဏီတစ်ခုကနေပြီးတော့မှ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒီ ဆင်ဖြူဒိုင်ကျေးရွာက ယခင် တုန်းက မငြိမ်းချမ်းတဲ့ကာလနယ်မြေမှာ တည်ရှိခဲ့တဲ့ ရွာလည်းဖြစ်ပါတယ်။ ဒီရွာမှာ ကနေ့ အိမ်ခြေလည်းပဲ (၁၀၀)ပတ်ဝန်းကျင်လောက်ရှိလာတယ်။ လူဦးရေလည်းပဲ သုံး၊ လေးရာ ပတ်ဝန်းကျင်လောက်ရှိလာတဲ့အတွက် တနင်္သာရီမြစ်ဘေးမှာ နေပေမယ့် နွေရောက်လို့ရှိရင် ကျွန်တော်တို့ အင်မတန်ရေရှားပါးတဲ့ ဒေသဖြစ်ပါတယ်။ အဲဒီဒေသ ရေရရှိရေးအတွက် ကျွန်တော်တို့ တောင်ပေါ်ကနေ ပြီးတော့ စိမ့်စမ်းရေ သွယ်တန်းတဲ့ကိစ္စကို ကျွန်တော်တို့ ခွင့်ပြုပေးတာ ဖြစ်ပါတယ်။

ဒီလို ခွင့်ပြုပေးတဲ့ ကိစ္စကို သက်ဆိုင်ရာ ကုမ္ပဏီနဲ့ သက်ဆိုင်ရာ ကျေးလက်ဦးစီးဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ ဒီလုပ်ငန်းဆောင်ရွက်ဖို့အတွက် ထားဝယ်မြို့ပေါ်မှာ ဖွင့်ထားတဲ့ ကျွန်တော်ဦးတည်ပြောတဲ့ ကိစ္စကတော့ ငြိမ်းချမ်းရေးယူထားတဲ့ KNU တပ်မဟာ(၄)နဲ့ တိုက်ရိုက်ပတ်သက် ပါတယ်။ ထားဝယ်မြို့ပေါ်မှာ ဖွင့်ထားတဲ့ ကျွန်တော်တို့ KNU ဆက်ဆံရေးရုံးမှာ သွားရောက်ပြီးတော့မှ ဒီလုပ်ငန်း၊ ဒီလုပ်ငန်း ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ နယ်မြေထဲကို ဝင်တဲ့အခါမှာ သူတို့အနေနဲ့ ခွင့်ပြုပေးဖို့ ဆိုပြီးတော့ သွားရောက် ခွင့်တောင်းခံတဲ့သဘောလည်း ပါ ပါတယ်။ ဒါ လုပ်ပေးမယ်ဆိုတာ ကိုလည်းပဲ ကျွန်တော်တို့ အသိပေးခြင်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ အဲဒီမှာတာဝန်ရှိတဲ့ ဆက်ဆံရေးပုဂ္ဂိုလ်ကနေပြီးတော့ ဒီနယ်မြေဟာ အရင်တုန်းက မငြိမ်းချမ်းခဲ့တဲ့ နယ်မြေလည်းဖြစ်ပါတယ်။ ဒီရွာဟာ သူတို့ထောင်ထားခဲ့တဲ့၊ တည်ထားခဲ့တဲ့ ရွာလည်း မဟုတ်ပါဘူး။ ဒီဒေသသားတွေကလည်းပဲ၊ ဒီရွာသားတွေကလည်းပဲ သူတို့ ပေးထားတဲ့၊ သူတို့ တာဝန်ချထားတဲ့၊ သူတို့ နေဖို့ ခွင့်ပြုထားတဲ့ ရွာသားတွေ မဟုတ်ပါဘူးဆိုတဲ့ အနေအထားမျိုးနဲ့ ဒါကို လုပ်ခွင့်မပေးချင်တဲ့ အနေအထားမျိုးပြောပါတယ်။ ဒါတင်မကပဲနဲ့ လွန်ခဲ့တဲ့ နှစ်(၆၀)လောက်က အခြေအနေတွေလည်းပဲ ပြန်လှန်ပြောတဲ့အခါမှာ ကျွန်တော်တို့ တော်တော်လေးကို စဉ်းစဉ်းစားစားနဲ့ တာဝန်ရှိတဲ့ ကျေးလက်က တာဝန်ရှိပုဂ္ဂိုလ်ကတော့ ကျွန်တော်တို့က ဒီလိုမဟုတ်ပါဘူး။ မြို့ရှိရင်၊ ရွာရှိရင်၊ လူရှိရင် ကျွန်တော်တို့ လိုအပ်ချက်တွေ ဆောင်ရွက်ပေးရမှာ အစိုးရမှာ တာဝန်ရှိပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့က တာဝန်ရှိလို့ ဒီလုပ်ငန်းတွေခွင့်ပြုပေးတာ ဖြစ်ပါတယ်။

ဒါလေးကို လုပ်ခွင့်ပြုဖို့အတွက် နိုင်ငံတော်ကလည်း ခွင့်ပြုထားပြီးသားဖြစ်လို့ ကျွန်တော်တို့ ဝင်ရောက်လုပ်ကိုင်တယ် ဆိုတာကို ဒါ အသိပေးခြင်းဖြစ်ပါတယ် ဆိုပြီးတော့ လိမ္မာပါးနပ်စွာနဲ့ ယဥ်ယဥ်ကျေးကျေးနဲ့ပဲ ကျွန်တော်တို့ ပြောကြပါတယ်။ သို့သော်လည်းပဲ ပြောရင်းပြောရင်းနဲ့ အဲဒီလိုပဲ အဆင်မပြေတာလေးတွေ ဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ကို တင်ပြပါတယ်။ ဒီဒေသမှာ ဒါလုပ်ဖို့အတွက်ကိုတော့ ဒီအဖွဲ့အစည်းက ကန့်ကွက် နေတာရှိပါတယ်။ အဲဒီတော့ အချိန်မီလုပ်နိုင်အောင်အတွက် အခြားနေရာဒေသတစ်ခုကို ပြောင်းရွှေ့လုပ်ကိုင်ခွင့် ပေးမယ်ဆိုလို့ရှိရင်လည်း စဥ်းစားပေးပါဆိုပြီးတော့ ကျွန်တော်တို့ ဒီလို တင်ပြခဲ့ရတဲ့ အနေ အထားလေးတွေ ရှိခဲ့ပါတယ်။

သူတို့ရဲ့ အနေအထားက သူတို့မှ မလုပ်လို့ရှိရင် ခွင့်မပြုနိုင်ဘူး။ ကျွန်တော်တို့ကလည်း လုပ်ပါ။ သို့သော် သူတို့ချည်းပဲ လုပ်လို့မရနိုင်တဲ့ အနေအထားရှိတဲ့အတွက် ဒါ ကျွန်တော်တို့ တစ်တွေ ပူးပေါင်းပြီး လုပ်ဆောင်ကြခြင်း ဖြစ်ပါတယ်ဆိုတာ ကျွန်တော်တို့ နားဝင်အောင် ဘယ်လောက်ပဲ ပြောပေမယ့် တော်တော်ခက်ခက်ခဲခဲလေးကို ကျွန်တော်တို့ ဆက်ဆံခဲ့ရတဲ့ အနေအထားလေးတွေရှိခဲ့ပါတယ်။ ဒါနဲ့ ဆက်စပ်လို့ ကျွန်တော် တင်ပြရလို့ရှိရင် ဒီနေရာတွေမှာ ဒီနေရာ၊ ဒီဒေသတွေဟာ ကနေ့ အချိန်ထိ ကျွန်တော်တို့ ငြိမ်းချမ်းတဲ့ နယ်မြေလို့တော့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒီမှာ ငြိမ်းချမ်းရေး အဖွဲ့ အစည်းများကလည်းပဲ ဟိုတစ်နေ့က ကျွန်တော်တင်ပြခဲ့သလို (၂၃)ရက်နေက တင်ပြခဲ့သလိုပဲ ဒီဒေသ ထဲမှာ စခန်းလေးတွေ တည်ဆောက်ပြီးတော့မှ လမ်းကြောင်းပေါ်မှာ နေကြတာတွေရှိပါတယ်။ သူတို့ ရွာလေးတွေ သူတို့ ကောင်းအောင်လုပ်နေကြတာလည်း ရှိပါတယ်။

အလားတူပဲ ကျွန်တော်တို့ အာဏာပိုင်အဖွဲ့အစည်းများကလည်းပဲ၊ အစိုးရအဖွဲ့အစည်းများ ကလည်းပဲ အဲဒီဒေသမှာ သွားရောက်ပြီးတော့မှ ကူညီပံ့ပိုးပေးနေတာလေးတွေ ရှိပါတယ်။ နှစ်ဖက် အဖွဲ့အစည်း ပူးပူးပေါင်းပေါင်းနဲ့၊ ညှိညှိနှိုင်းနှိုင်းနဲ့ လုပ်ပေးမယ်ဆိုလို့ရှိရင်တော့ ဒီ ဒေသဟာ လျင်လျင်မြန်မြန်နဲ့ ဒါ တိုးတက်ဖွံ့ဖြိုးလာနိုင်တဲ့ အနေအထားတွေရှိပါတယ်။ သို့မဟုတ်ရင်တော့ ကျွန်တော်ကိုယ်တိုင်ဆိုလို့ရှိရင် စီးပွားရေးလုပ်ငန်းရှင် တချို့နဲ့ ကျွန်တော် သွားရင်းနဲ့ ကျွန်တော်တို့ ကားကို နောက်ကနေလိုက်ပြီးတော့ သေနတ်နဲ့ပစ်တဲ့ အနေအထားလေးတွေ ကျွန်တော်တို့ ကြုံခဲ့ရပါတယ်။ အဲဒီတော့ ဆင်းပြီးတော့လည်း ရှင်းခဲ့ရပါတယ်။

ဒါတွေက မီဒီယာလောကမှာ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ တပ်မတော် အစိုးရ အဖွဲ့ကပဲ နောက်ပြန်သွားနေတယ်ဆိုတဲ့ အနေအထားမျိုးလေးတွေ မြင်ပေမယ့် တကယ်တမ်း အချို့ နေရာတွေမှာ ဒီလိုအဖွဲ့အစည်းမျိုးတွေကလည်းပဲ အရင်တုန်းက အတွေးအခေါ်လေးတွေနဲ့ လုပ်နေ ကြတာလေးတွေ ရှိပါတယ်။ ဒါလေးတွေလည်း ကျွန်တော်တို့ စဥ်းစားပြီးတော့ရင် အောက်ခြေထိ ဒါ အပေါ်မှာ အဆင်ပြေပေမယ့် အောက်ခြေမှာ အခက်အခဲလေးတွေ တော်တော်များများတွေ့နေရပါတယ်။ ဒါလေးတွေလည်း ကျွန်တော်တို့ ဖြေရှင်းပေးဖို့ ဒီနေရာမှာ ကျွန်တော် အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဒီ တိုင်းရင်းသားငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့အစည်းတွေနေတဲ့ ဒေသ အတွင်းမှာပဲ ကုမ္ပဏီတစ်ခုက ဘိလပ်မြေစက်ရုံတည်ဖို့အတွက် ကျွန်တော်တို့ အဲဒီမှာ ထုံးကျောက် တောင်သွားပြီးတော့ ရှာဖွေပါတယ်။ တွေ့ပါတယ်၊ တွေ့တဲ့အခါကျတော့ ဒီ ထုံးကျောက်တောင်မှာ ကျွန်တော်တို့ လွန်တွင်း တူးဖို့အတွက် တင်ပြပါတယ်။ သက်ဆိုင်ရာ သတ္တုတွင်းဝန်ကြီးဌာနနဲ့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကနေပြီးတော့မှ ရွာသားများရဲ့ ကန့်ကွက်ချက်မရှိပါဘူးဆိုတဲ့ လက်မှတ်ယူခိုင်းတဲ့အတွက် ကျွန်တော်တို့ ယူပေးခဲ့ပါတယ်။

နောက်ပိုင်းမှာ တခြား INGO ၊ NGO အဖွဲ့အစည်းတွေ ဝင်ရောက်လာပြီးတော့မှ ဒါတွေကို ကန့်ကွက်ခိုင်းတဲ့အတွက် ရိုးသားတဲ့ ရွာသားတွေက ဒါကိုလိုက်ပြီးတော့ ကန့်ကွက်ပါတယ်။ ကန့်ကွက်တဲ့အတွက် ဒီနေ့ အဲဒီကုမ္ပဏီဟာ လိုင်စင်လည်း ကျထားပြီးပါပြီ၊ သို့သော် ဒီရွာသားတွေနဲ့ ခုနက INGO အဖွဲ့တွေက ထပ်မံပြီး ကန့်ကွက်တဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနက ဘာမှမပြောပေမယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက ထပ်မံပြီးတော့မှ ရွာသားတွေ ထောက်ခံတဲ့ လက်မှတ်တွေ၊ ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်တွေ ထပ်ရွေးပေးပါဆိုလို့ ကျွန်တော်တို့ ဒါလဲ ထပ်ပြီးတော့ လုပ်နေရတဲ့ အနေအထားတွေ ရှိပါတယ်။

အဲဒီတော့ ၂၀၁၂ ခုနှစ်လောက်ကတည်းက နှစ်ဦးပိုင်းလောက်ကတည်းက ကျွန်တော်တို့ ထုံးကျောက်တောင်နဲ့ ပတ်သက်ပြီးတော့ တင်ပြခဲ့ပါတယ်။ သို့သော် ကနေ့အချိန် ကျွန်တော်တို့ လွှန်တူးတဲ့ အဆင့်ကို မရောက်သေးပါဘူး။ သက်ဆိုင်ရာ ရွာသားများနဲ့ ဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ ဒါကလည်းပဲ ရွာသားတွေက ရိုးသားဖြူစင်ကြပါတယ်။ သို့သော် ဝင်လာတဲ့ INGO, NGO အဖွဲ့တွေက ဒီရွာသားတွေကို ကားကြီး၊ ကားငယ်နဲ့ လာခေါ်ပါတယ်။ စရိတ်စက အကုန်လုံးပေး ပါတယ်။ ထမင်းကျွေးပါတယ်။ နေရာထိုင်ခင်း စီစဉ်ပေးပါတယ်။ တခြားဒေသတွေကို ခေါ်သွားပါတယ်။ ကျွန်တော်တို့ သိရသလောက်တော့ လက်ပံတောင်းတောင် ကိစ္စတို့ဘာတို့ ဒီနေရာဒေသတွေအထိ ခေါ်သွားပြီးတော့မှ ကျောက်မီးသွေး၊ လျှပ်စစ်မီးစက်ရုံတွေထိ ခေါ်သွားပြီးတော့မှ ဒါတွေ ပြပါတယ်။ ဒါတွေ ပြပြီးတော့ရင် မင်းတို့ဒေသမှာလည်း ဒါတွေ လာလုပ်လို့ ရှိရင် ဒါတွေ ကန့်ကွက်ပါ၊ ဒါတွေဟာ ဒေသအတွက် အကျိုးမရှိပါဘူးဆိုတဲ့ အနေအထားမျိုးလေးတွေနဲ့ ဒါ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ လုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို တည်ပေးတဲ့သဘောလေးတွေ လုပ်ဆောင်ကြတာ ကျွန်တော်တို့ တွေ့ရပါတယ်။

ဒါတွေဟာ တိုင်းရင်းသားတွေအတွက်ကတော့ ရေရှည် အကျိုးစီးပွားအတွက် မစဥ်းစားဘဲနဲ့ လတ်တလော ဒါဟာ ငါတို့ကို ဒီလိုစောင့်ရှောက်တယ်။ ဒီလိုလာပြီးတော့ ခေါ်ပြီးတော့ ပြုစုတယ်။ အဲဒီအတွက် ငါတို့တွေ အတွေးအမြင်တွေ ပွင့်လင်းပါတယ်ဆိုတဲ့ အမြင်မျိုးနဲ့ ဒီအဖွဲ့အစည်းတွေပေါ်မှာပဲ ကျေးဇူးတင်ပြီးတော့မှ ဒီအဖွဲ့တွေက ပြောတဲ့အတိုင်းကို လိုက်နေရတဲ့အတွက် ဒီဒေသဟာ ဖွံ့ဖြိုးတိုးတက်မှု အင်မတန် နောက်ကျပါတယ်။ နောက်တစ်ခုက ဒါနဲ့ဆက်စပ်ပြီးမှ ဒီဒေသမှာပဲရှိတဲ့ အညာဖျားရေအားလျှပ်စစ် ထားဝယ်နဲ့ (၉)မိုင် ကျော်ကျော်လောက်ပဲ ဝေးပါတယ်။ အရင်တုန်းကတော့ ဒီနေရာတွေထိ ထိတွေ့မှု တိုက်ပွဲတွေ ဖြစ်ခဲ့တဲ့ နေရာတွေ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကာလမှာ ပါတီကြီးတစ်ခုကနေပြီးတော့မှ ကတိပေးခဲ့တဲ့ လျှပ်စစ်မီးလည်း ဖြစ်ပါတယ်။ (၂)နှစ်အတွင်းမှာ ကျွန်တော်တို့ လျှပ်စစ်မီးရပါမယ်။ အဲဒီကာလကနေ ယနေ့အချိန်ထိ တစ်ယူနစ်ကို လျှပ်စစ်မီးဟာ ထားဝယ်ခရိုင်အတွင်းထဲမှာ တစ်ယူနစ်ကို (၄၅၀) (၅၀၀)အထိ ပေးသုံးနေရတုန်းပဲ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့မှ (၂၀၀) ပတ်ဝန်းကျင်လောက်ထိ လျှော့ချနိုင်အောင် အညာဖျား ရေအားလျှပ်စစ်ကို လုပ်ပါမယ်ဆိုပြီးတော့ ပြည်တွင်းကုမ္ပဏီတစ်ခုကပဲ ငွေရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ပါတယ်။ လုပ်ပြီး တစ်နှစ် မပြည့်သေးပါဘူး။ လက်မှတ်တွေ ရေးထိုးပြီး ကန့်ကွက်ကြတဲ့အတွက် ဒီလုပ်ငန်းကြီးက ရပ်လိုက်ရပါတယ်။ အဲဒီတော့ ကနေ့ တိုးလိုးတန်းလန်းနဲ့ ဒီကုမ္ပဏီဟာလည်းပဲ ဒေါ်လာ သန်းပေါင်း များစွာ ရင်းနှီးပြီးတော့မှ အကုန်အကျတွေ

များပြီးတော့ ကနေ့ ဘာမှလည်း ဆက်လုပ်လို့ မရပါဘူး။ ဒါဟာ ကြည့်မယ်ဆိုလို့ရှိရင်တော့ သူတို့အတွက် ကတော့ ခုနက ပြောတဲ့ အဖွဲ့အစည်းတွေက စွဲဆောင်တာ နောက်ကို ပါသွားပြီးတော့ အောင်မြင်တယ်လို့ ဆိုရပေမယ့် ကျွန်တော်တို့ ထားဝယ်ခရိုင်မှာ (၄)မြို့နယ်မှာ စုစုပေါင်း လူဦးရေ (၆)သိန်းလောက် ရှိပါတယ်။ ဒီ လူ(၆)သိန်းလောက်က ရွာလေး (၂)ရွာလောက် အတွက်နဲ့ သူတို့ကတော့ အညာဖျား ရေအားလျှပ်စစ် လုပ်လိုက်မယ်ဆိုလို့ရှိရင် သူတို့ရွာတွေ ရွှေ့ရမယ်၊ ပြောင်းရမယ်၊ သူတို့ရွာ (၂)ရွာ၊ (၃)ရွာ လောက် ပျက်စီးမယ်။ ဒါကိုပဲ အကြောင်းပြကြပါတယ်။

သို့သော် တကယ်တမ်း ခံစားနေရတာက ခုန ကျွန်တော်ပြောတဲ့ ထားဝယ်ခရိုင် (၄)မြို့နယ် စလုံးမှာရှိတဲ့ လူဦးရေ (၆)သိန်းသော ပုဂ္ဂိုလ်များက လျှပ်စစ်မီး မရတဲ့အတွက် ကနေ့ တစ်ယူနစ်ကို (၄၅၀) (၅၀၀)အထိ ပေးသုံးနေရပါတယ်။ ဒါကို ဖြေရှင်းချင်တဲ့အတွက် ကနေ့ မိုင်(၆၀)လောက် ဝေးတဲ့ ကန်ပေါက်၊ ရေဖြူမြို့နယ်ထဲကနေပြီးတော့မှ ဂတ်စ်တာဘိုင်နဲ့ပေးဖို့ လုပ်နေကြပါတယ်။ ဒါကလည်းပဲ တစ်ဖက်နိုင်ငံကို ရောင်းချနေတဲ့ ဓာတ်ငွေ့များကို ပြန်ဝယ်ပြီးတော့မှ ကနေ့ ဓာတ်အားပို့လိုင်းတွေ ပြန်လုပ်နေရပါတယ်။ ခုနက ပြောတဲ့ (၉)မိုင်လောက်က အညာဖျားကနေပြီးတော့ ရေအားလျှပ်စစ်သာ ရမယ်ဆိုရင် ဒီလောက်အကုန်အကျ မများပါဘူး။ အခုဟာကတော့ ဒီနေရာကနေပြီးတော့ ငြင်းပယ်လိုက် တဲ့အတွက် အခြားတစ်နေရာကို ပြောင်းလုပ်ရတဲ့ အခါမှာ နိုင်ငံတော်မှာလည်း အကုန်အကျတွေများ ပါတယ်။ ခု ကာလအားဖြင့် အစိုးရသစ်လက်ထက်မှာ (၅)နှစ်သက်တမ်းမှာ ကျွန်တော်တို့ တနင်္သာရီတိုင်း ဒေသကြီးဟာ လျှပ်စစ်မီးကို (၄၅၀) ပေးပြီး သုံးခဲ့ရတာဟာ တော်တော်လေးကို ပြည်သူလူထုအနေနဲ့ နစ်နာတဲ့ အနေအထားတွေ ရှိပါတယ်။ တကယ်တမ်း ဒီရွာသားတွေ စဉ်းစားမယ် ဆိုလို့ရှိရင် ဒါတွေဟာ ဒီရွာသားတွေကလည်း ကျွန်တော်တို့ရဲ မဲဆန္ဒရှင်တွေပါ အဲဒီတော့ သူတို့ကို ပုတ်ခတ်တာလည်း မဟုတ် ပါဘူး။ တိုက်ခိုက်တာလည်း မဟုတ်ပါဘူး။ သူတို့က သူတို့ရဲ့အမြင် သူတို့ရွာလေးတွေ ပျက်စီးမှာ၊ ဆုံးရှုံးမှာမို့လို့ သူတို့ ကန့်ကွက်ကြတာ ဖြစ်ပါတယ်။ သို့သော် တစ်ဖက်ကလည်း INGO, NGO အဖွဲ့ တွေက ဒီလိုစည်းရုံးတာတွေ ပါလာတဲ့အတွက် တစ်ကြောင်းလည်း ဖြစ်ပါတယ်။ သူတို့သားသမီး တွေလည်း ထားဝယ်မြို့ပေါ်မှာ နေကြတာပဲ၊ ဆွေမျိုးသားချင်းတွေလည်း နေကြတာပဲ၊ ကျောင်းထားကြ ပါတယ်။ တကယ်တမ်းသာ လျှပ်စစ်မီးကို သက်သက်သာသာလေးနဲ့ ရမယ်ဆိုရင် ဘယ်လောက်ထိ သက်သာမယ်၊ ဘယ်လောက်ထိ အခြေအနေကောင်းမယ်ဆိုတာ သူတို့ တွေးကော တွေးမိကြသလား တော့ မသိပါဘူး။

သို့သော် လက်ရှိအနေအထားမှာကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ကတော့ တော်တော်လေး နစ်နာနေတဲ့ အနေအထားလေး တွေ့ရ ပါတယ်။ ဒါကြောင့်မို့လို့ အမှုမှန် ထုတ်ပြီးတော့ Power Point လေး တစ်ခု ကျွန်တော် နည်းနည်းပြချင်ပါတယ်။ ဒါဟာ အဲဒီဒေသမှာရှိတဲ့ ရွာသားတွေ ခုတ်ထား တဲ့ တောင်ယာတွေပါ၊ ရှင်းထားတဲ့ တောတွေပါ။ ကျွန်တော်တို့ ဒီနယ်မြေဒေသဖွံ့ဖြိုးဖို့အတွက် လျှပ်စစ်မီး ရရှိဖို့အတွက် ခုနကပြောတဲ့ ဘိလပ်မြေစက်ရုံ တည်ဆောက်ဖို့အတွက် သွားရောက် လေ့လာ တဲ့အခါမှာ ဒါတွေ လုပ်လို့ရှိရင် သူတို့ဒေသမှာ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးမယ်။ ဒါကြောင့်မို့ ဒါတွေ မထောက်ခံနိုင်ဘူး။ ကန့်ကွက်ပါတယ်ဆိုတဲ့ အနေအထားနဲ့ တင်ပြပေမယ့် ကနေ့ မြင်နေရတာ တွေက သူတို့ဒေသမှာ သူတို့တွေကိုယ်တိုင် သဘာဝပတ်ဝန်းကျင် ပျက်အောင်လုပ်ထားတဲ့ အနေအထား တွေပါ။ မေးစရာတော့ ရှိပါတယ်။ ကျွန်တော်တို့က တောင်ယာတွေမှ မခုတ်ရင်လည်း ဘာလုပ်စားရမလဲ ဆိုတဲ့ မေးခွန်းလည်း သူတို့မှာ ရှိပြီးသားပါ။ ဒီလိုလုပ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်တွေ တော်တော်

ပျက်ပါတယ်။ ကျွန်တော်လည်း လက်လှမ်းမီသလောက် ရှင်းပြပါတယ်။ မင်းတို့ ခုတ်နေတဲ့ တောင်ယာတွေ ဒီတောတောင်တွေ ပျက်ယွင်းတဲ့အတွက် ကမ္ဘာကြီး ဘယ်လောက်ထိ ပူနွေးလာသလဲ။ တို့ သဘာဝ ပတ်ဝန်းကျင်တွေ ဘယ်လောက် ပျက်ယွင်းသလဲ။ ငါတို့ လုပ်မယ့် ဒီကုမ္ပဏီတွေ လုပ်မယ့် ဖွံ့ဖြိုး တိုးတက်မှုတွေဟာ ဒီဟာနဲ့ပြန်ယှဉ်ရင် မင်းတို့ဒေသအတွက် ဘယ်လောက် တိုးတက်မလဲဆိုတာ ကျွန်တော်တို့ ဆွေးနွေးခဲ့ပေမယ့် ကနေ့အချိန်ထိတော့ မအောင်မြင်သေးပါဘူး။

ဒါကြောင့်မို့လို့ ဒီအခြေအနေများနဲ့ ပတ်သက်ပြီးတော့ မေးခွန်း မေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့် မေးခွန်းတွေက ပထမတစ်ချက်က ဒီဒေသအတွင်းထဲမှာ သဘာဝ ပတ်ဝန်းကျင် မပျက်စီးစေတဲ့ ကြိုတင်လုပ်ငန်းများအတွက် လူထုကန့်ကွက်ချက်တွေ ရယူဖို့ လိုပါသလား၊ နောက် (၂)အချက်က ဒီဒေသမှာ အတွင်းမှာပဲ ရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ စိတ်ထားဖြူစင်မှုကို အသုံးချတဲ့ အဖွဲ့အစည်း များကို ဒါ ကျွန်တော် INGO, NGO တွေကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါ အရေးယူမှု ရှိပါသလား။ (၄)အချက်ကတော့ ခုချိန်ဆိုလို့ရှိရင် ငြိမ်းချမ်းရေး ဆောင်ရွက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကတောင်မှ စီးပွားလုပ်ငန်းတွေ လုပ်ဆောင်ဖို့ နိုင်ငံတော်က များစွာအကူအညီ ပေးနေပါတယ်။ ဒီအဖွဲ့အစည်းတွေလည်း ကနေ့ စီးပွားရေး လုပ်ငန်းတွေ လုပ်နေကြပါတယ်။ အဲဒီတော့ သူတို့ ဒေသတွေ ကောင်းဖို့အတွက် ဒီလိုဒေသဖွံ့ဖြိုးရေးတွေ တိုးတက်ဖို့အတွက် လာရောက် လုပ်ဆောင်ပေးတာတွေကို ပြန်လည်ကူညီပြီး နားလည်မှု ရှိရမယ့်အစား ဘာအတွက်ကြောင့် ဒီလိုကန့်ကွက်နေရသလဲ။ ဒါတွေကို ကျွန်တော်တို့ ငြိမ်းချမ်းရေးယူတဲ့ အဖွဲ့အစည်းတွေကလည်းပဲ အပေါ်အောက် ညှိနှိုင်းပေးမှု သူတို့ ဒေသအတွင်းထဲမှာ ပေါင်းစပ်ညှိနှိုင်းပေးမှုတွေ လုပ်ပေးတဲ့အစီအစဉ်တွေများ ရှိပါသလား။ နောက်တစ်ခု က ငြိမ်းချမ်းရေးကို နောက်ပြန် ပြန်သွားစေမယ့် အပြုအမူနှင့် အသုံးအနှုန်းများအတွက် လက်အောက်ခံ အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးယူထားတဲ့ အထက်အဖွဲ့အစည်းများက အောက်ခြေထိ ချပြထားတာများ ရှိပါသလား ဆိုတဲ့ မေးခွန်း(၄)ခုကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ချင်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကန်ပက်လက်မြို့နယ်၊ ရှင်ဘောင်မှ မုလောင်းအထိ လမ်းအပိုင်းနှင့် မုလောင်းမှ မကြားအိမ်နူး လယ်မြို့ချောင်းအထိ ဆိုင်ကယ်လမ်း ဖောက်လုပ်ပြီး လမ်းအပိုင်းကို ၂၀၁၄-၂၀၁၅ မှာ

ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျေးရွာများရဲ့ အိမ်ခြေ၊ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ရှင်ဘောင်ကျေးရွာဟာ အိမ်ခြေ(၇၇)၊ လူဦးရေ(၄၅၄)၊ မူးချိန်းဒိန်း အိမ်ခြေ(၃၇)၊ လူဦးရေ(၂၀၇)၊ ခါနန်း၊ အိမ်ခြေ(၆၃)၊ လူဦးရေ(၃၇၈)၊ မုလောင်း အိမ်ခြေ(၂၇) လူဦးရေ (၁၄၂)၊ မနာယင် အိမ်ခြေ(၁၅)၊ လူဦးရေ(၇၁)၊ မဒါသာ အိမ်ခြေ(၃၁)၊ လူဦးရေ(၁၉၈)၊ မကြားအိမ်နူး အိမ်ခြေ(၆၄)၊ လူဦးရေ(၄၁၄) ကျေးရွာချင်းဆက်လမ်း အရှည်နဲ့ လက်ရှိ လမ်းအခြေအနေဟာ အောက်ပါ အတိုင်း ဖြစ်ပါတယ်။

ရှင်းဘောင်ကနေ မူးချိန်းဒိန်းကို (၅)မိုင် ဆိုင်ကယ်လမ်း ဖြစ်ပါတယ်။ မူးချိန်းဒိန်းကနေ ခါနန်းကို (၁၀)မိုင် ဆိုင်ကယ်လမ်း ဖြစ်ပါတယ်။ ခါနန်းကနေ မုလောင်းကို (၈)မိုင် လူသွားလမ်း ဖြစ်ပါတယ်။ မုလောင်းကနေ မနာယင် (၇)မိုင် (၇)ဖာလုံ လူသွားလမ်း ဖြစ်ပါတယ်။ မနာယင်ကနေ မဒါသာ (၃)မိုင် (၃)ဖာလုံ လူသွားလမ်း ဖြစ်ပါတယ်။ မဒါသာကနေ မကြားအိမ်နူးကို (၅)မိုင် (၆)ဖာလုံ လူသွားလမ်း ဖြစ်ပါတယ်။ စုစုပေါင်း မိုင်(၄၀)ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ ပြည်ထောင်စုရန်ပုံငွေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်တင်ပြချက် ဦးစားပေး အစီအစဉ်အရ ကန်ပက်လက်မြို့နယ် အတွင်းမှာ မုလောင်း-မနာယင်-မဒါသာ-မကြားအိမ်နူးလမ်းသစ် (၁၅)မိုင်ကို ခွင့်ပြုငွေ ကျပ် ရန်ပုံငွေ (၂၄၀)သန်းဖြင့် Alpha Omega Co.Ltd မှလည်းကောင်း ရှင်ဘောင်-ကာနန်းလမ်းသစ် (၁၀)မိုင်ကို ခွင့်ပြုရန်ပုံငွေ (၁၆၀)သန်းနဲ့ နိုင်မင်းကုမ္ပဏီမှလည်းကောင်း တင်ဒါအောင်မြင်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရှင်ဘောင်မှ မုလောင်းအထိ လမ်းပိုင်းနဲ့ မကြားအိမ်နူးမှ လယ်မြို့ချောင်းအထိ လမ်းအပိုင်းကို ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကလေးမြို့မှာ မြေဂရန်များ ဆက်လက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက် ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများနှင့်စပ်လျဥ်း၍လည်းကောင်း၊ ဦးပိုင်ပေါက် လယ်ယာမြေများအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရလည်းကောင်း သို့မဟုတ် ယခင် ၁၉၅၃ ခုနှစ် လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်ရရှိပြီးတော့မြေများနှင့် စပ်လျဥ်း၍လည်းကောင်း၊ လူနေထိုင်ရန် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်ကို မြေငှားဂရန် လျှောက်ထားလာပါက မြေပိုင်ဆိုင်မှု ခိုင်လုံမှုရှိတဲ့မြေများကို မြေယာဥပဒေ နည်းဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တို့နဲ့ ညီညွတ်တဲ့ မြေများကို ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံမြေနဲ့ အခွန် နည်းဥပဒေ ပုဒ်မ ၅၁(ခ)၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နဲ့ ကျေးရွာမြေများ နည်းဥပဒေ ၉ တို့အရ ခရိုင်အုပ်ချုပ်ရေး ကော်လိတ္တော် အရာရှိများအား အောက်ပါအတိုင်း မြေငှားဂရန်များ ထုတ်ပေးရန် လုပ်ပိုင်ခွင့် အပ်နှင်း ထားပါတယ်။

(က)ကတော့ မြေ(၁)ဧကေ အထိလည်းကောင်း၊ (ခ)ကတော့ မြေ(၁)ဧကကနေ (၅)ဧကအထိကို တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးများ၏ စိစစ်ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ (ဂ) မြေဧရိယာ (၅)ဧကေ အထက် ညွှန်ကြားရေးမှူးချုပ်ရဲ့ စိစစ်ခွင့်ပြုချက်ဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် လူနေရပ်ကွက်အဖြစ် သတ်မှတ်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ မြို့မြေအဖြစ်အမိန့် ကြော်ငြာစာ ထုတ်ပြန်ထားတဲ့ မြေများ ဖြစ်လို့ရှိရင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ ၁၉၅၃ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၉ တို့အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားရန် မလိုဘဲနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေပေါ်မှာ အခွင့်အမိန့် မရရှိဘဲနဲ့ ကျူးကျော်နေထိုင်ပါက အထက်မြန်မာပြည် မြေနဲ့ အခွန် ဥပဒေပုဒ်မ ၂၅ (ဃ)အရ အရေးယူဆောင်ရွက်နိုင်ပါသဖြင့် မြေငှားဂရန် လျှောက်ထားစေရန်နှင့် မြေငှားဂရန် လျှောက်ထားရာမှာ ဆောင်ရွက်ရမည့် အချက်အလက်များကို ပညာပေး စည်းရုံးပြီးတော့ ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သက်ဆိုင်ရာခရိုင်/ မြို့နယ်များမှ ရှင်းလင်းအသိပေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ စိတ်ထားဖြူစင်မှုကို အသုံးချသော အဖွဲ့အစည်းများကို အရေးယူရန် ရှိပါသလား ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုအပေါ်ကို မလိုလားအပ်တဲ့ ဘေးအန္တရာယ်များ ကျရောက်ခြင်း၊ မတရားနိုင်ထက်စီးနင်း ပြုလုပ်ခံရခြင်းတို့မှ အကာအကွယ်ပေးသွားရန် ဖြစ်ပါတယ်။ ထိုလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရအနေနဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ပြည်သူလူထုအပေါ် တရားဥပဒေမဲ့ လုပ်ဆောင်တဲ့ မည်သည့်လုပ်ဆောင်ချက်များကိုမှ ပြုလုပ်ခွင့်ပြုမှာ မဟုတ်ဘဲနဲ့ ထိုသို့လုပ်ဆောင်တဲ့ အဖွဲ့အစည်း လူပုဂ္ဂိုလ်များကို တရားဥပဒေအရ လိုအပ်သလို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ တရားဥပဒေ ရှေ့မှောက်မှာ နိုင်ငံသားတိုင်း တန်းတူညီမှုရှိရေး Equality before the law ကို ဦးတည်ဆောင်ရွက်နေပါတယ်။

ယခု လက်ရှိအခြေအနေဟာ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၆)ဖွဲ့အနက် (၁၄)ဖွဲ့နဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးတော့ လက်မှတ်ရေးထိုးရန် ကျန်ရှိသည့်နှစ်ဖွဲ့အနက်မှ KIO အဖွဲ့နဲ့ ပဋိပက္ခများ လျှော့ချရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ ယခုအချိန်အထိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ သဘောတူညီချက်(၃၈)ခုကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ ထိုလက်ရှိသဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ဆက်စပ်လျက်ရှိသော ဒေသများမှာ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်မည် ဆိုပါက ထိုဒေသမှာရှိတဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီထားတဲ့ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီးတော့ လုပ်ဆောင်သွားရန် သဘောတူညီထားပါတယ်။ ထို့အပြင် ထိုသဘောတူညီချက်များ ရရှိပြီးသည့်အချိန်မှစပြီးတော့ အစိုးရအဖွဲ့အစည်းများမှ ဆက်စပ်နယ်မြေများမှာ လုပ်ဆောင်မည့် လုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ အစည်းအဝေးများ၊ ညှိနှိုင်းဆောင်ရွက်ပေးမှုများကိုလည်း ဆောင်ရွက်

ပေးခဲ့ပြီး ဖြစ်ပါတယ်။ နောင်မှာလည်း ထိုသို့ ညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါတယ်။

ယခု လက်ရှိအချိန်ဟာ သဘောတူညီမှု ရရှိရန် ဆောင်ရွက်နေသည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တွေမှာလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နယ်မြေ များမှာ စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် အစိုးရနဲ့ သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရန်နှင့် ပတ်သက်သည့် အချက်များ ပါရှိပါတယ်။ ထိုသဘောတူညီချက်အား လက်မှတ်ရေး ထိုးပြီးချိန်မှစပြီးတော့ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်မှုများ ပိုပြီးတော့ ထိရောက်စွာ လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။

ငြိမ်းချမ်းရေးကို နောက်ပြန်သွားစေမယ့် အပြုအမူနှင့် အသုံးအနှုန်းများအတွက်ကို လက်အောက်ခံ အဖွဲ့အစည်းများကို ညွှန်ကြားထားခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့်နဲ့ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားမှာ ငြိမ်းချမ်းရေးကို နောက်ကြောင်းပြန်သွားစေမည့် မည်သည့်အပြုအမူကိုမဆို နှစ်ဖက်စလုံးမှ လုပ်ဆောင်ခြင်းမပြုကြရန် သဘောတူညီထားပြီး ဖြစ်ပါတယ်။ မတော်တဆချိုးဖောက်မှုများ ရှိလာသည့်အခါ နှစ်ဖက်ပူးပေါင်းညှိနှိုင်းပြီးတော့ နှစ်ဖက် လိုက်နာရမည့် အခြေခံကျင့်ဝတ်စည်းကမ်း (Codes of Conduct) နှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement) မှာ နောက်ကြောင်းပြန်သွားစေမည့် အပြုအမူ အသုံးအနှုန်းများနှင့် လက်မှတ်ရေးထိုးသူတိုင်း တိကျစွာ လိုက်နာရမည့် အခြေခံကျင့်ဝတ် စည်းကမ်းများ (Codes of Conduct) ကို ပြီးပြည့်စုံစွာ ထည့်သွင်းသွားရန် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနဟာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဥ်းမြောင်းစေရေးအတွက် Focal Ministry အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ကျေးလက်ဒေသများမှာ လိုအပ်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အဦ (Basic Infrastructure) များဖြစ်တဲ့ ကျေးလက်လမ်းတွေ၊ တံတားတွေ၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ မီးလင်းရေး လုပ်ငန်းများကို နိုင်ငံတော် ခွင့်ပြုရန်ပုံငွေများဖြင့် လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အထောက်အပံ့ အကူအညီများဖြင့်လည်းကောင်း၊ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလဖြည့်စွက် ရန်ပုံငွေကျပ် (၁၀၆၉)သန်းဖြင့် တွင်းတိမ်(၄)တွင်း၊ တွင်းနက်(၂၂)တွင်း၊ လက်တူးတွင်း (၆၁)တွင်း၊ မြေသားရေကန် (၂၆)ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း(၂၂)ခု၊ အခြားရေ ရရှိရေးလုပ်ငန်း(၁၃)ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၁၄၈)ခု ထားဝယ်မြို့နယ်အတွင်းမှာ ရန်ပုံငွေကျပ် (၁၂၇.၅)သန်းနဲ့ တွင်းနက်(၄)တွင်းနဲ့ လက်တူးတွင်း(၅)တွင်း၊ မြေသား

ရေကန် (၁)ကန်၊ စိမ့်စမ်းရေ သွယ်ယူခြင်း (၃)ခု စုစုပေါင်း ရေရရှိရေး လုပ်ငန်း (၁၃)ခုကို ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဆင်ဖြူတိုင် ကျေးရွာမှာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမှာ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကနောင်အာရှကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီးတော့ ယခုအခါ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးအဖွဲ့ ဆက်ဆံရေး တာဝန်ရှိသူများ ညှိနှိုင်းခဲ့တဲ့အခါမှာ ပြေလည်မှု ရရှိပြီး ဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေး ဖော်ဆောင်နေတဲ့ တိုင်းရင်းသား များ၏ နယ်မြေအတွင်း ဆောင်ရွက်ရာမှာ ဒေသခံများရဲ့ အမြော်အမြင်နဲ့ ရွှေ့ပြောင်းနေထိုင်မှုများ ပေါ်တည်၍ အခက်အခဲများ ရှိနိုင်သော်လည်းပဲ သက်ဆိုင်ရာ ဒေသတာဝန်ခံများ၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တင်ဒါ အောင်မြင်တဲ့ ကုမ္ပဏီမှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ ဖြေရှင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ ရေမြေသဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝသစ်တော သယံဇာတများ ထာဝစဉ် တည်တံ့ရေး တို့အတွက်ကို မူဝါဒ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောနယ်မြေမှာ သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများ သို့မဟုတ် စီးပွားရေး စီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုလို့ရှိရင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သဘောတူညီချက်ကို ကြိုတင်ရယူရမည်လို့ သစ်တော ဥပဒေပုဒ်မ ၁၂(က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ အတွက် ပုဂ္ဂလိက သစ်တောစိုက်ခင်း ထူထောင်ခြင်း၊ သတ္တုတူးဖော်ခြင်း စတဲ့ အခြားမြေ အသုံးချမှုများ အား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ဆောင်ရွက် ပေးလျက် ရှိပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ အရ နိုင်ငံတော်ဟာ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည် ဟု လည်းကောင်း၊ ပုဒ်မ ၃၉၀(ခ) အရ နိုင်ငံသားတိုင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည် ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ ၁၉၉၄ ခုနှစ်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျတဲ့ ရည်မှန်းချက် အဖြစ် ထာဝစဉ် ထားရှိရမည်လို့ သတ်မှတ်ထားတာနဲ့အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စီးပွားရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာမှာ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းဟာ ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှုမရှိလျှင် ယေဘုယျအားဖြင့် ပြည်သူလူထုရဲ့ သဘောထားကို ရယူဆောင်ရွက်ရန် မလိုအပ်သော်လည်းပဲ ထိခိုက်စေနိုင်မှု ရှိ/မရှိ ပဏာမ စိစစ်ရန် လိုအပ်ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်ပါက ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဆိုပါ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ အဆင့်အားလုံးမှာ အများပြည်သူနဲ့ သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုများကို မဖြစ်မနေ ပြုလုပ်ရမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လုပ်ငန်းဆောင်ရွက်မှုကြောင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ဒေသခံပြည်သူများမှ မှီခိုအားထားနေရတဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မရှိစေရေး ထည့်သွင်းစဉ်းစားသင့်တဲ့အပြင် ပတ်ဝန်းကျင်နဲ့ လူမှုရေးအပေါ်မှာ သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှု ရှိ/မရှိကို ပဏာမ စိစစ်ရန်လိုအပ်ပါကြောင်းနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်ပါက ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်းနဲ့ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်ရဲ့ အဆင့်အားလုံးမှာ လုပ်ငန်းဆောင်ရွက်ရမယ့် အခြေအနေများကို ဒေသခံများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းပြီးတော့ သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုများကို မဖြစ်မနေ ပြုလုပ်ရန် လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ တိုးတက်လျက်ရှိတဲ့ လျှပ်စစ်ဓာတ်အား ကို အချိန်တိုအတွင်းမှာ ဖြည့်ဆည်းပေးနိုင်ရေးအတွက်ကို ကာလတို၊ ကာလလတ်၊ ကာလရှည် မဟာဗျူဟာ စီမံကိန်းများ ချမှတ်ပြီးတော့ နိုင်ငံအတွင်းမှာရှိတဲ့ အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုပြီး လျှပ်စစ်စီမံကိန်းများကို အောက်ပါနည်းလမ်း (၃)ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ (က) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကိုယ်တိုင်အကောင်အထည်ဖော် တည်ဆောက်ခြင်း၊ (ခ) တိုင်းရင်းသားလုပ်ငန်းရှင်များကို BOT စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ (ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပြီးတော့ ပြည်ပကုမ္ပဏီများကို JV၊ BOT စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း ဖြစ်ပါတယ်။

စီမံကိန်း အကောင်အထည်ဖော်သူများအနေနဲ့ စီမံကိန်း တည်ရှိတဲ့နယ်မြေအသီးသီးကို ဝင်ရောက်ပြီးတော့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ စီမံကိန်းကြောင့် ဖြစ်ပေါ်လာမယ့် သဘာဝနှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှုများကို ဆန်းစစ်လေ့လာခြင်း၊ လူမှုစီးပွားဘဝတာဝန်ယူမှု ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်မယ့် အစီအမံများကို ဒေသခံပြည်သူများသို့ ရှင်းလင်းချပြ ဆွေးနွေးခြင်းများကို ဆောင်ရွက်ရပါတယ်။

ယင်းသို့ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ စီမံကိန်းကာလအတွင်းကို ဝင်ရောက်တဲ့ လူ၊ စက်၊ ယာဉ်၊ ယန္တရားများ လုံခြုံမှုနဲ့ အခြားမလိုလားအပ်တဲ့ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက်ကို စီမံကိန်းအကောင်အထည်ဖော်တဲ့ ကုမ္ပဏီများအနေနဲ့ စီမံကိန်းအတွင်း အမှန်တကယ် တာဝန်ထမ်းဆောင်တဲ့ အစီအမံ အသေးစိတ် အပါအဝင် လူ၊ စက်၊ ယာဉ်၊ ယန္တရားများရဲ့ အမည်၊ ထမ်းဆောင်ရမယ့်တာဝန်၊ နိုင်ငံသားစိစစ်ရေးလက်မှတ် အမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်နဲ့ အရေအတွက်တွေကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ သက်ဆိုင်ရာတာဝန်ခံတည်ဆောက်ရေး ညွှန်ကြားရေးမှူးမှ တစ်ဆင့် ဝန်ကြီးဌာနများကို (၂၁) ရက်ကြိုတင်ပြီးတော့ တရားဝင် တင်ပြရပါတယ်။ စီမံကိန်း အကောင်အထည်ဖော်တဲ့ ကုမ္ပဏီများကနေပြီးတော့ တင်ပြချက်အပေါ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အသေးစိတ်စိစစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ စီမံခန့်ခွဲမှု၊ ညွှန်ကြားမှုတို့နဲ့အညီ ဆက်လက်ဆောင်ရွက်ရပါတယ်။ လိုအပ်လို့ရှိရင်

စီမံကိန်းတည်ရှိတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ထပ်မံတွေ့ဆုံပြီးတော့ လိုအပ်တဲ့ မူဝါဒများ ခံယူပြီးတော့ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်စေလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက် ရဲ့မေးခွန်း၊ ကြယ်ပွင့်ပြမေးခွန်း အပိုဒ် ၄ မှာ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အရှေ့တိုင်းကမ္ဘာ စက်မှုထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မေတ္တာ မြို့နယ်ခွဲ ဖောင်းတောဒေသမှာရှိတဲ့ မြေဧရိယာ (၁၂၃၉.၆၇)ဧကမှာ ထုံးကျောက် စမ်းသပ်တိုင်းတာ ခွင့်ကို သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းကို ၁-၃-၂၀၁၃ ခုနှစ်မှာ လျှောက်ထားခဲ့ ပါတယ်။ ကုမ္ပဏီရဲ့ လျှောက်ထားမှုနဲ့ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သဘောထား မှတ်ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထောက်ခံချက်၊ ဖောင်းတော ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံ ချက်များနဲ့အတူ ဖောင်းတောကျေးရွာနဲ့ ၎င်းကျေးရွာ ပတ်ဝန်းကျင်မှာရှိတဲ့ကျေးရွာ ပြည်သူ (၁၈)ဦးရဲ့ ထောက်ခံချက်၊ မြေစာရင်းပုံစံ၊ မြေရာဇဝင် စိစစ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan) အစီရင်ခံစာတို့ ရရှိထားပြီး ဖြစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့ အညီ သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ သဘောတူညီချက်နဲ့ ၂၄-၇-၂၀၁၄ ရက်နေ့ကနေ ပြီးတော့ ၂၃-၇-၂၀၁၆ ရက်နေ့အထိ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း များအတွက် (၂)နှစ် သက်တမ်းရှိတဲ့ ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီးတော့ ထုံးကျောက်စမ်းသပ်တိုင်းတာရေး လုပ်ငန်း သဘောတူ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။

အဆိုပါ စမ်းသပ်တိုင်းတာ ခွင့်ပြုထုတ်ပေးခြင်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနကို မည်သည့်အဖွဲ့အစည်းပုဂ္ဂိုလ်မှ ကန့်ကွက် တိုင်ကြားစာ ပေးပို့ခဲ့ခြင်း မရှိပါ။ ယင်းဒေသမှာ ဘိလပ်မြေ ထုတ်လုပ် တည်ဆောက်ရေးနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနမှသာ ကြီးကြပ်စီမံဆောင်ရွက်လျက် ရှိပါတယ်။ အပိုဒ် ၉ (က)မေးခွန်းပါ သဘာဝပတ်ဝန်းကျင် မပျက်စီးသော ကြိုတင်လုပ်ငန်းများအတွက် လူထုကန့်ကွက်ချက် ရယူရန် လိုပါသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန သည် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်းများနဲ့ တူးဖော်မှု လုပ်ငန်းများအတွက် ခွင့်ပြုငွေများ ထုတ်ပေးရာမှာ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများမှာ ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိသော်လည်းပဲ အချို့ဒေသများမှာ ဒေသခံများမှ ကန့်ကွက်တိုင်ကြားခြင်းများ ရှိနေတဲ့အတွက် တောင်းခံရခြင်း ဖြစ်ပါတယ်။

အပိုဒ် ၉ (ခ)မေးခွန်းပါ ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ စိတ်ထားဖြူစင်မှုကို အသုံးချတဲ့ အဖွဲ့အစည်းများကို အရေးယူရန်ရှိပါသလား မေးခွန်းနဲ့ပတ်သက်ပြီး ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ စိစစ်ပြီးတော့ အရေးယူဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အပိုဒ် ၉ (င) မေးခွန်းပါ နိုင်ငံအနှံ့ တိုင်းရင်းသားများရဲ့ အမြော်အမြင်နည်းမှုကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်း နေခြင်းကို ထိရောက်စွာ ဟန့်တားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ဓာတ်သတ္တု စမ်းသပ် တိုင်းတာတဲ့ လုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိနိုင်ပါ။ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများတွင်မူ တူးဖော်ခွင့်လျှောက်ထားတဲ့ ကုမ္ပဏီများကို သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

စီမံချက် (Environmental Management Plan) အစီရင်ခံစာ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက်ကို အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း (Environmental Impact Assessment) ပတ်ဝန်းကျင်ပြည်သူလူထုရဲ့ လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း (Social Impact Assessment) နှင့် ပတ်ဝန်းကျင်ပြည်သူလူထုရဲ့ ကျန်းမာရေး ထိခိုက်ယိုယွင်းမှု လျော့နည်းစေရေးအတွက်ကို အကျိုးသက်ရောက်မှုများ လေ့လာဆန်းစစ်ခြင်း (Health Impact Assessment) စီမံချက်များ ရေးဆွဲတင်ပြစေပြီး စီမံချက်ပါအတိုင်း တူးဖော်တဲ့ ကုမ္ပဏီနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတို့ ပူးပေါင်းပြီးတော့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ ဒေသခံများကို ရှင်းလင်းပြောကြားခြင်း၊ ကွင်းဆင်းဆွေးနွေး ပြောကြားခြင်းများကို ဆောင်ရွက်ရ ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်မှာပါရှိတဲ့ဖြစ်စဉ်များအနက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဆင်ဖြူတိုင်ကျေးရွာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ကနောင်အာရှ ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းစတင် ဆောင်ရွက်ရာမှာ အဆိုပါဒေသမှ ငြိမ်းချမ်းရေးအဖွဲ့များရဲ့ ဆက်ဆံရေးရုံးတာဝန်ရှိသူများနှင့် ပထမအကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှာ အဆင်မပြေဖြစ်ခဲ့သော်လည်းပဲ ယခုအခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဆက်လက်ညှိနှိုင်းခဲ့တဲ့အခါမှာ ပြေလည်မှုရရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဆင်ဖြူတိုင်ကျေးရွာ၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။

ဒုတိယဖြစ်စဉ်ဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဖောင်းတောကြီး ကျေးရွာနဲ့ ဖောင်းတောမီးစက်ကျေးရွာနေ ဦးစောထူးဘတ် နဲ့ နော်ဒါးဘလယ် တို့မှ ဦးဆောင်ပြီးတော့ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများမှ ထားဝယ်မြို့နယ်၊ နွားလဘိုကြိုးဝိုင်း၊ ထုံးကျောက် စမ်းသပ်တိုင်းတာတူးဖော်ဆောင်ရွက်ရန် ခွင့်ပြုထားရှိမှုအပေါ် ကန့်ကွက်မှုနဲ့ စပ်လျဉ်းပြီးတော့ စမ်းသပ်တူးဖော်မည့် မြေနေရာဟာ ကျေးလက်များနဲ့ နီးကပ်ပြီးတော့ မိုင်းခွဲခြင်း၊ စက်ယန္တရားများဖြင့် လုပ်ကိုင်ပါက ဒေသခံများအတွက် အနှောင့်အယှက်ဖြစ်ခြင်း၊ အဓိကမှီခိုနေရတဲ့ ချောင်းဖျားဧရိယာအတွင်းမှာ ကျရောက်နေပြီးတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်တဲ့အတွက်ကြောင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများမှ ကန့်ကွက်ပါကြောင်း ၅-၅-၂၀၁၄ ရက်စွဲပါစာဖြင့် စုပေါင်းလက်မှတ်ရေးထိုး တိုင်ကြားခြင်းမှာ ကုမ္ပဏီအနေနဲ့ မိမိရဲ့ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် လုပ်ငန်း၏ အခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ရမည့် အစီအစဉ်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အတွက် ဒေသအတွက် (Corporate Social Responsibilities) လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းချပြမှု အားနည်းပြီးတော့ ဒေသခံများနဲ့ ယုံကြည်မှုတည်ဆောက်နိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရရှိရပါတယ်။ ၎င်းကုမ္ပဏီအနေနဲ့ သစ်တောဦးစီးဌာနမှ ခွင့်ပြုထားတဲ့ အချိန်မှစပြီး (၇)လကျော် ကြာမြင့်သည့်တိုင်အောင် ကျသင့် အခွန်တော်ငွေ/ လုပ်ငန်းအာမခံငွေများအား ပေးသွင်းပြီးတော့ စာချုပ်ချုပ်ဆိုမှု မရှိခြင်းတို့ကြောင့် နောင်မှာ မလိုလားအပ်တဲ့ကိစ္စရပ်များ ဆက်လက် မဖြစ်ပေါ်စေ ရေးအတွက်ကို ခွင့်ပြုထားတဲ့ စာရင်းကနေပြီးတော့ ပယ်ဖျက်ခွင့်ပြုခြင်း ဖြစ်ပါတယ်။

တတိယဖြစ်စဥ်ဖြစ်တဲ့ အညာဖျားရေအားလျှပ်စစ်စီမံကိန်းကို ဒေသခံများမှ ကန့်ကွက်ခဲ့ခြင်းနှင့် စပ်လျဥ်းပြီးတော့ အညာဖျားရေအားလျှပ်စစ်စီမံကိန်း တည်နေရာဟာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် ခရိုင်၊ ထားဝယ်မြို့ရဲ့ အရှေ့ဘက် (၁၂)မိုင်အကွာ အညာဖျားချောင်းမှာ တည်ရှိပြီးတော့ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန်အတွက်ကို မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဌာနဟာ ၁၉၇၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ စူးစမ်းတိုင်းတာမှုများ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန်အတွက်ကို အိုက်မောင် ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (မန္တလေး) မြို့မှ တရုတ်နိုင်ငံ ကျွမ်းကျင်ပညာရှင် (၂)ဦးနဲ့ ၈-၈-၂၀၀၈ ရက်နေ့ကနေပြီးတော့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးတော့ ထားဝယ်ခရိုင်အတွင်းမှာရှိတဲ့ အများပြည်သူ ဓာတ်အားသုံးစွဲရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေရန်အတွက်ကို ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးတော့ ထားဝယ်မြို့ကို ဓာတ်အားဖြန့်ဖြူးပေးရန် အဆိုပြု တင်ပြခဲ့ပါတယ်။

အဆိုပါတင်ပြချက်များမှာ အောက်ပါ အဆိုပြုချက်များ တင်ပြခဲ့ပါတယ်။ ရေအားယူမည့် အရင်းအမြစ်က အညာဖျားချောင်း၊ ရေကာတာရဲ့ ရေဝပ်ဧရိယာက (၄၃)စတုရန်းမိုင်၊ ရေကာတာ အရှည်က (၆၅၀)ပေ၊ ရေကာတာအမြင့်က (၁၅၇)ပေ၊ ရေအနည်းဆုံးလ ရေစီးနှုန်းဟာ (၁၀.၆)ကုဗပေ/ စက္ကန့်၊ ရေအများဆုံးလ ရေစီးနှုန်းဟာ (၁၀၅၉၄.၈) ကုဗပေ/စက္ကန့်၊ ရေလှောင်ကန်မှ အမြဲတမ်းလွှတ်ပေးမည့် ရေစီးနှုန်းဟာ (၆၆၅) ကုဗပေ/စက္ကန့်၊ စက်တပ်ဆင်အင်အား (၉.၃)မဂ္ဂါဝပ်၊ (၃.၁ မဂ္ဂါဝပ် x ၃ လုံး)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အားဟာ (၁၇.၄၉)မဂ္ဂါဝပ်၊ ဓာတ်အားဟာ ကီလိုဝပ်နာရီ သန်းပေါင်း၊ အညာဖျားဒေသမှ ထားဝယ်ကို (၁၂)မိုင်၊ တည်ဆောက်မည့် (၃၃) ကေဗွီ ဓာတ်အားလိုင်း ထားဝယ်မြို့ရဲ့ လက်ရှိဓာတ်အားလိုင်းဟာ (၅) မဂ္ဂါဝပ် လိုအပ်ချက်၊ ထားဝယ်ခရိုင် လက်ရှိဓာတ်အား လိုအပ်ချက်က (၈)မဂ္ဂါဝပ်။ ၂၀၁၀ ခုနှစ်မှာ အဆိုပါ အညာဖျားရေအားလျှပ်စစ်စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်ရန်အတွက်ကို Delco Co.,Ltd နှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ စာချုပ်ချုပ်ဆိုခဲ့ကြပြီးတော့ Delco Co.,Ltd ရဲ့ အဆိုပါစီမံကိန်းအရေအတွက်ဟာ ရေအား (10 MW)နှင့် ရေအားစက်ရုံမရောက်မီ (၂)မိုင်အလိုမှာ မြေပြန့်မှာ Bio gas စက်ရုံ (၅) မဂ္ဂါဝပ်၊ တည်ဆောက်ပြီးတော့ (15 MW)တည်ဆောက်မည်ဖြစ်ကြောင်း၊ ထွက်လာတဲ့ ဓာတ်အားကို အညာဖျားကနေပြီးတော့ ထားဝယ်ကို (၁၂.၅)မိုင် ထားဝယ်မြို့မှ မောင်းမကန်ကို (၁၂)မိုင် စုစုပေါင်း(၂၄.၅)မိုင်အား (၃၃)ကေဗွီ လိုင်း တည်ဆောက် မည်ဖြစ်ပြီးတော့ မောင်းမကန်ကနေပြီးတော့ ရေနက်ဆိပ်ကမ်းကို (11)kV ဓာတ်အားခွဲရုံ တစ်ရုံစီ တည်ဆောက်ဓာတ်အားပေးရန် ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

အညာဖျားရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ပြီးစီးမှုကာလမှာ (၂)နှစ်ခွဲ လျာထားပြီး တော့ ၂၀၁၂ ခုနှစ်မှာ ရေအားလျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်နိုင်ရန် စီစဥ်ဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ (၆ MW) x (၄ Nos) = (၂၄ MW) အထိ တိုးတက် ထုတ်လုပ် နိုင်မည်ဖြစ်တဲ့အတွက်ကြောင့် တပ်ဆင်မည့်စက်အင်အားကို ပြောင်းလဲသတ်မှတ်ပြီးတော့ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှစပြီးတော့ အလတ်စားနှင့် အသေးစား ရေအားထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်း များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲခွင့်အတွင်း ထည့်သွင်းတဲ့အတွက်ကြောင့် တိုင်းဒေသကြီး

အစိုးရအဖွဲ့ရဲ့ အစီအစဥ်နဲ့ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ချိန်မှာ Delco Co.,Ltd မှ အဆိုပါ အညာဖျားရေအေးလျှပ်စစ်စီမံကိန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ အညာဖျားရေအေးလျှပ်စစ် စီမံကိန်းကို Delco Co.,Ltd မှ ဆောင်ရွက်လျက်ရှိရာမှာ စက်ရုံတည်ဆောက်ရေး စီမံကိန်းအတွက် အဓိကလိုအပ်တဲ့ သံချောင်းများ တန် (၂၀၀၀)ခန့်နှင့် ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက် အစရှိတဲ့ ကုန်ကြမ်းများစုဆောင်းပြီးတော့ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာမှာ ၁၈-၅-၂၀၁၂ ရက်နေ့အထိ ရေဥမင်လှိုဏ်ခေါင်း ဝင်ပေါက်၊ ထွက်ပေါက်နေရာများမှာ သံချည်သံကွေးများ ပြုလုပ်ပြီးတော့ ကွန်ကရစ်လောင်းခြင်း၊ ကွန်ကရစ်မှုတ်ခြင်း၊ ရေစိမ့် ပေါက်များ ဖာထေးခြင်း၊ လောင်းခြင်းတို့ကို ပြုလုပ်ပြီး ဖြစ်ပါတယ်။

စီမံကိန်းဧရိယာ ဒေသခံများရဲ့ ဥယျာဥ်ခြံမြေများ၊ လယ်ယာမြေများကို လျော်ကြေးငွေ ပေးပြီးတော့ ညှိနှိုင်းသဘောတူညီမှု ရရှိပြီးမှသာလျှင် လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင် မည်ဖြစ်တဲ့အတွက်ကြောင့် လျော်ကြေးကိစ္စများကို ညှိနှိုင်းခဲ့ပါတယ်။ ဒေသခံများမှ လျော်ကြေးငွေများ မတန်တဆ တောင်းတဲ့အတွက်ကြောင့် ပြေလည်မှုမရရှိခဲ့တဲ့အတွက်ကြောင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၆-၈-၂၀၁၂ ရက်နေ့မှာ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းပြီးတော့ ပြေလည်မှုရရှိမှသာ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီးတော့ လုပ်ငန်းများကို ခေတ္တယာယီ ရပ်နားထားခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်မှုမရှိပါကြောင်းနှင့် ရေဝပ်ဧရိယာအတွင်း ကျရောက်မည့် ဒေသခံများရဲ့ ဥယျာဥ်ခြံမြေ လျော်ကြေးတောင်းခံမှုများနှင့်သာ သက်ဆိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

သဘာဝပတ်ဝန်းကျင် မပျက်စီးစေတဲ့ ကြိုတင်လုပ်ငန်းများအတွက် လူထုကန့်သတ်ချက် ရယူရန် လိုအပ်ပါသလားဟူသော မေးမြန်းချက်နှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမှာ ပတ်ဝန်းကျင် ဆိုတာ မြေထု၊ လေထု၊ ရေထု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်တဲ့ လူသားတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့ရဲ့ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုလိုသည်လို့ အဓိပ္ပာယ် ဖွင့်ဆိုထားတဲ့အတွက်ကြောင့် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒမှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျတဲ့ ရည်မှန်းချက်အဖြစ် ထာဝစဥ် အလေးထား ရှိရမည်ဖြစ်သည်လို့ သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။

မည်သည့်စီးပွားရေးလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းကိုမဆို လုပ်ကိုင်ရန်ကိစ္စနှင့် စပ်လျဥ်းပြီးတော့ ခွင့်ပြုရန် စဥ်းစားရာမှာ ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျတဲ့ ရည်မှန်းချက်အဖြစ် ထားရှိရန် လိုအပ်ပါတယ်။ ဆောင်ရွက်ရမည့် လုပ်ငန်းသည် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှုမရှိလျှင် ယေဘုယျအားဖြင့် ပြည်သူလူထုရဲ့ သဘောထားကို ရယူဆောင်ရွက်ရန် မလိုအပ်သော်လည်းပဲ ဆောင်ရွက်ရမည့်လုပ်ငန်းသည် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ်မှာ သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှု ရှိ/မရှိကို ပဏာမစိစစ်ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ကို လိုအပ်ပါက ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများ ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုရဲ့ ဖြစ်နိုင်ချေရှိတဲ့ အကျိုးသက်ရောက်မှုများဟာ သိသာထင်ရှားမှု ရှိ/မရှိ ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ/မရှိ သတ်မှတ်ထားတဲ့ အခြား စာရွက်၊ စာတမ်း အထောက်အထားများ ပြုစုတင်ပြရန် ရှိ/မရှိ စစ်ဆေးခြင်းဖြစ်ပြီးတော့ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုသည်မှာ ဆောင်ရွက်ရန် အဆိုပြုထားတဲ့ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုရန် သင့်/မသင့် ဆုံးဖြတ်နိုင်ရေးအတွက်ကို ယင်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ရဲ့ ရုပ်ပိုင်း၊ လူနှင့် သက်ရှိလောက၊ လူမှုရေးနှင့် လူမှုစီးပွားရေးတို့ အပေါ် ထင်ရှားသိသာစွာ ထိခိုက်ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်တဲ့ အလားအလာများ သို့မဟုတ် ထိခိုက် ပြောင်းလဲမှုဖြစ်စဉ်များ ရှိ/မရှိ စနစ်တကျ ဆန်းစစ်တဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။

ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရာမှာ ကာလ(၃)ခုနဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ ၎င်းတို့မှာ (က) ဓာတ်သတ္တု ရှာဖွေ စမ်းသပ် တိုင်းတာခြင်းလုပ်ငန်းကာလ၊ (ခ) ဓာတ်သတ္တု တူးဖော်ခြင်းလုပ်ငန်းကာလ၊ (ဂ) သတ္တုတွင်းလုပ်ငန်းများ ပိတ်သိမ်းခြင်းလုပ်ငန်းကာလ။ ဓာတ်သတ္တု ရှာဖွေ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းတို့ ဆောင်ရွက်ရာမှာ ဓာတ်သတ္တု ရှာဖွေခြင်းအဆင့်ဟာ ဘူမိဗေဒမြေပုံ၊ ဂြိုလ်တုပုံရိပ်၊ ဒေသခံပြည်သူများရဲ့ သတင်းပေးမှုများအရ ဓာတ်သတ္တု ဖြစ်ထွန်းမှု ရှိ/မရှိ လေ့လာစူးစမ်းခြင်း ဆောင်ရွက်မှုများ ဖြစ်ပါတယ်။

ဓာတ်သတ္တုစမ်းသပ်ခြင်း တိုင်းတာခြင်းဟာ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းမှ ဒေသတစ်ခု အတွင်း ဓာတ်သတ္တုတည်ရှိကြောင်း ဖော်ထုတ်ပြီးတဲ့အခါမှာ အသေးစိတ် စမ်းသပ်တိုင်းတာမှုတွေဟာ လုပ်ငန်း ဖြစ်ပါတယ်။ ယင်းလုပ်ငန်းမှာ အစမ်းကျင်း တူးခြင်း၊ အစမ်းမြောင်းရှည် တူးခြင်း၊ စိန်လွန် တူးခြင်း၊ နမူနာများ ကောက်ယူဓာတ်ခွဲခြင်း၊ ဓာတ်သတ္တုသိုက်ပမာဏ တွက်ချက်ခြင်းတို့ ပါဝင်ပါတယ်။ သုံးလက်မခန့်ရှိတဲ့ စိန်လွန်တူးခြင်း (၃ ပေ x ၂၀ ပေ x ၂၀ ပေ) ရှိတဲ့ အရှည်မြောင်း တူးခြင်း (၃ ပေ x ၃ ပေ x ၁၅ ပေ) ရှိတဲ့ အစမ်းကျင်းများ တူးခြင်းများ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်မှာ လက်ရှိအချိန်အခါမှာ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ လူမှုရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ထည့်သွင်း စဉ်းစားပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အကူအညီနဲ့ ရေးဆွဲပြုစုလျက်ရှိတဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း မူကြမ်းအရ စီမံကိန်းအဆိုပြုသူသည် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုများ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ရဲ့ အဆင့် အားလုံးမှာ အများပြည်သူနဲ့ သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရမှာကို သတ်မှတ်ထားပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်မှုလုပ်ငန်းသည် ပတ်ဝန်းကျင်နဲ့ လူမှုရေးအပေါ် သိသာ ထင်ရှားစွာ ထိခိုက်စေနိုင်မှုမရှိလျှင် ယေဘုယျအားဖြင့် ပြည်သူလူထုရဲ့ သဘောထားကို ရယူဆောင်ရွက် ရန် မလိုအပ်သော်လည်းပဲ ဆောင်ရွက်မယ့် လုပ်ငန်းဟာ ပတ်ဝန်းကျင်နဲ့ လူမှုရေးအပေါ် သိသာထင်ရှား စွာ ထိခိုက်စေနိုင်မှု ရှိ/မရှိကို ပဏာမ စစ်ဆေးရန် လိုအပ်ပါကြောင်းနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက်ကို လိုအပ်ပါက ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနဲ့ ပတ်ဝန်းကျင် ထိခိုက်မှု လုပ်ငန်းစဉ်

ရဲ့ အဆင့်အားလုံးမှာ အများပြည်သူနဲ့ သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုများ မဖြစ်မနေပြုလုပ်ရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ စိတ်ထားဖြူစင်မှုကို အသုံးချတဲ့ အဖွဲ့အစည်းများကို အရေးယူရန် ရှိပါသလား စပ်လျဉ်းသည့် ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုစနစ်ဟာ ပြည်သူကို ဗဟိုပြုတဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပြီး၊ ပြည်သူရဲ့ ဆန္ဒကို အလေးထားရမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ အနေနဲ့ မိမိရဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဒေသခံများက ကန့်ကွက်မှုများ ပြုလုပ်စေရန် ဆောင်ရွက်နေသည်ဆိုသော အဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်များသည် ကုမ္ပဏီလုပ်ငန်းရှင်များအတွက် နစ်နာသည်ဟု ယူဆပါက သက်ဆိုင်ရာ တရားရုံးမှာ ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်သော အခွင့်အရေးရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၃၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ ကျန်ရှိတဲ့မေးခွန်းကဏ္ဍကို ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ တင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရထားလမ်းသစ် စီမံကိန်းများတွင် Standard** Gavge **စနစ်ဖြင့် စတင်ပြင်ဆင်ဖောက်လုပ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော က ရထားလမ်းသစ် စီမံကိန်းများတွင် Standard Gavge စနစ်ဖြင့် စတင်ပြင်ဆင် ဖောက်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဗိုလ်မှူးအောင်ကျော်ဇော (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့ အစည်းအဝေးသို့ ကြွရောက်လာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် လူကြီးမင်းများနဲ့ ဧည့်သည်တော်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း၂၉၆၁၅ ဗိုလ်မှူးအောင်ကျော်ဇော ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ယနေ့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရထားလမ်းသစ် စီမံကိန်းများကို Standard Gavge စနစ်ဖြင့် စတင်ပြင်ဆင် ဖောက်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရထားလမ်းပိုင်းတစ်ခု ဖောက်လုပ်ဖွင့်လှစ်ရတဲ့ လုပ်ငန်းဟာ ငွေကြေး၊ အချိန် မြောက်မြားစွာ ရင်းနှီးဆောင်ရွက်ရတဲ့ လုပ်ငန်း တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ ရေရှည်စီမံကိန်းရေးဆွဲပြီး ခေတ်နဲ့အညီ နည်းပညာပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုက်ပါပြောင်းလဲ ဆောင်ရွက် သွားရန် လိုအပ်လှပါတယ်။ ဒီလို အချိန်ယူ ဆောင်ရွက်ရတဲ့ လုပ်ငန်းမျိုးကို စနစ်တကျ စီမံကိန်းရေးဆွဲ ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံတကာနဲ့ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ တစ်ချိန်က ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရထားပို့ဆောင်ရေးလုပ်ငန်းကို အရှေ့တောင် အာရှမှာ ဦးစွာဖွင့်လှစ်နိုင်ခဲ့ တယ်လို့ မှတ်သားရဖူးပါတယ်။

ယခုအခါအိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အပါအဝင် နိုင်ငံတော်တော်များများမှာ ရထားလမ်းစနစ်ကို Standard Gavge စနစ်အဖြစ် ပြောင်းလဲ အသုံးပြု နေကြပြီလို့ သိရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှေးယခင်မှစ၍ ယနေ့အချိန်အထိ အသုံးပြုလျက်ရှိတဲ့ ရထားလမ်းအကျယ်ကို Meter Gavge စနစ်မှ ယခု နိုင်ငံတကာတွင် တွယ်ကျယ်စွာ ပြောင်းလဲအသုံးပြုလျက်ရှိတဲ့ Standard Gavge စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးကို ယခုကတည်းက စီမံချက်ချမှတ်ဆောင်ရွက်သွားသင့်တယ်လို့ မြင်မိပါတယ်။ Standard Gavge စနစ်သို့ ပြောင်းလဲ အသုံးပြုခြင်းအားဖြင့် ရထား၏ အမြန်နှုန်းမြှင့်တင်နိုင်ခြင်း၊ ဘေးအန္တရာယ် ပိုမိုကင်းရှင်းနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများအပြင် ဒေသတွင်းနိုင်ငံဖြတ်ကျော် ရထားလမ်းကွန်ရက် စနစ်ကို ဖော်ဆောင်ရာ မှာလည်း အဆင်သင့်လိုက်ပါဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရထားပို့ဆောင်ရေးလုပ်ငန်းဟာ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံများ၌ပင် အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင် လျက်ရှိပြီး ရထားပို့ဆောင်ရေးဆိုင်ရာနည်းပညာများဟာလည်း ခေတ်နဲ့အညီပြောင်းလဲ တိုးတက် လျက် ရှိပါတယ်။ မြန်မာနိုင်ငံတွင်လည်း တပ်မတော်အစိုးရလက်ထက်မှစ၍ ရထားလမ်း ကွန်ရက် စနစ်ကို မြောက်မြားစွာ အသစ်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပေမယ့် နည်းပညာပိုင်းမှာ လိုအပ်ချက်များ များစွာရှိနေဆဲ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာမှာ ယခုအခါ Meter Gavge စနစ်ရထားလမ်း အသုံးပြုမှု မရှိသလောက်နည်းပါးလာပြီး စက်ခေါင်းနဲ့ တွဲများ ထုတ်လုပ်ရာ၌ပင် Standard Gavge စနစ်တွင် အသုံးပြုနိုင်တဲ့ စက်ခေါင်းနဲ့တွဲများကိုသာ ပြောင်းလဲထုတ်လုပ်လာကြတာကို လေ့လာတွေ့ရှိရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအနေဖြင့် ရထားလမ်းကွန်ရက်စနစ်တစ်ခုလုံးကို Standard Gavge စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးမှာ ဘဏ္ဍာငွေလိုအပ်ချက်လွန်စွာများပြားပြီး ချက်ချင်း ဆောင်ရွက်ရန် မည်သို့မျှ မဖြစ်နိုင်သောလုပ်ငန်း ဖြစ်ပါတယ်။ သို့သော်လည်း ယခုအချိန်မှစပြီး လုပ်နိုင်သည့်အပိုင်းမှ စ၍ဆောင်ရွက်ခြင်းမရှိပါက ကြာလေခက်လေဖြစ်လာနိုင်တဲ့ လုပ်ငန်းစဉ် တစ်ခုလည်း ဖြစ်ပါတယ်။ ဖောက်လုပ်ပြီးရထားလမ်းပိုင်းတစ်ခုအား ပြောင်းလဲပြင်ဆင်မည်ဆိုပါက ဇလီဖားတုံးမှအစ ရေကျော်မြောင်းများ၊ တံတားကြီး၊ ငယ်များပါ အကုန်လုံးပြောင်းလဲပြင်ဆင်ရမှာ ဖြစ်တဲ့အတွက် ငွေကြေးနှင့်အချိန်များစွာ လိုအပ်မှာဖြစ်ပါတယ်။ လက်ရှိမြန်မာ့မီးရထားမှ ရထားလမ်း များ တည်ငြိမ်ကောင်းမွန်ရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကွန်ကရစ်ဇလီဖားတုံး စက်ရုံ များ တည်ထောင်ပြီး ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်အသုံးပြုခြင်းဖြင့် လမ်းပိုင်းများကို အဆင့်မြှင့်တင်လျက် ရှိတာကိုလည်း တွေ့ရှိရပါတယ်။

ကွန်ကရစ်ဇလီဖားတုံးများဟာ သာမန်သစ်သားဇလီဖားတုံးများထက်ကြံ့ခိုင်မှု ပိုမိုကောင်းမွန် သလို ကုန်ကျစရိတ်လည်း ပိုမိုများပြားတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အခုထုတ်လုပ် အသုံးပြုနေတဲ့ ကွန်ကရစ်ဇလီဖားတုံးများရဲ့ သက်တမ်းဟာ နှစ်(၅၀)ဖြစ်တဲ့အတွက် ကွန်ကရစ် ဇလီဖားတုံးများ အစားထိုး လဲလှယ်ရန် လိုအပ်နေသေးတဲ့ လမ်းအပိုင်းများအတွက် Meter Gavge စနစ်မှာ အသုံးပြု နိုင်တဲ့ ဇလီဖားတုံးတွေကို လာမည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ထုတ်လုပ်ခြင်း မပြုတော့ဘဲ နှစ်အလိုက် Standard Gavge စနစ် ပြောင်းလဲတပ်ဆင်မယ့်လမ်းပိုင်းများမှ ထွက်ရှိလာမယ့် ဇလီဖားတုံးများကို ဖြုတ်သိမ်းပြီး အစားထိုးလဲလှယ်အသုံးပြုခြင်းဖြင့် ရေရှည်မှာ လမ်းပိုင်းစနစ်များ ပြောင်းလဲခြင်းကြောင့် လေလွင့်ဆုံးရှုံးရမယ့် ကွန်ကရစ်ဇလီဖားတုံးစရိတ်များကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရထားသွားလာမှုများပြားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုမှာ အဓိကကျတဲ့ ရန်ကုန်-မန္တလေး-မြစ်ကြီးနားလမ်းပိုင်းကို လတ်တလော ဆောင်ရွက်ရန်အတွက် အခက်အခဲရှိနိုင်သော်လည်း အသစ်ဖောက်လုပ်လျက်ရှိတဲ့ ရထားလမ်းသစ် စီမံကိန်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသောလမ်းပိုင်းများ၊ RBE တွဲဆိုင်းများကိုသာ အများဆုံးအသုံးပြုပြေးဆွဲလျက်ရှိတဲ့ လမ်းပိုင်းများကို ယခုအစိုးရလက်ထက်မှစ၍ ရေရှည်စီမံချက် ချမှတ်ပြီး Standard Gavge စနစ်သို့ စတင်ပြောင်းလဲ ဆောင်ရွက်ခြင်းဖြင့် လက်ရှိအသုံးပြုလျက် ရှိသော ဇလီဖားတုံးများ၊ တွဲဆိုင်းများကိုလည်း ပြုပြင်ပြောင်းလဲခြင်း မလုပ်နိုင်သေးတဲ့ လမ်းပိုင်းများမှာ ဆက်လက်အသုံးပြုနိုင်ပြီး အသစ်ဝယ်ယူဖြည့်တင်းမည့် စက်ခေါင်းနှင့် တွဲဆိုင်းများကိုလည်း Standard

Gavge စနစ်ဖြင့် ဖောက်လုပ်ထားတဲ့လမ်းပိုင်းများမှာ ပြန်လည် ပြုပြင်ရန် မလိုအပ်ဘဲ ချက်ချင်း အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် မလိုအပ်တဲ့ ပိုကုန်ကျမှုများကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုအချိန်မှစ၍ ဖြစ်နိုင်သည့်စက်မှ စတင်အကောင်အထည်ဖော်ခြင်းအားဖြင့် လာမည့် ဆယ်စုနှစ်တစ်ခု၊ နှစ်ခုအတွင်းမှာ ဒေသတွင်းနဲ့ နိုင်ငံတကာအဆင့်မှာ ရထားလုပ်ငန်းများ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလမ်းကြောင်းများမဟုတ်တဲ့ RBE တွဲဆိုင်းများ ကိုသာ အများဆုံး အသုံးပြုပြေးဆွဲလျက်ရှိတဲ့ လမ်းပိုင်းများနှင့် ရထားလမ်းသစ် စီမံကိန်းများကို Standard Guage စနစ်ဖြင့် စတင် ပြင်ဆင်ဖောက်လုပ်သွားရန် အစီအစဉ် ရှိ/မရှိ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျိုင်းတုံ - မိုးနဲ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် အား သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က ကျိုင်းတုံ - မိုးနဲရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်အား သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျိုင်းတုံ - မိုးနဲရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဒီမေးခွန်းဖြစ်လာခဲ့ရတဲ့အကြောင်းအရင်းကတော့ ဒီစီမံကိန်းကို ယခင်အစိုးရလက်ထက်က ဆောင်ရွက်ထားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာ (၄)နှစ်တာကာလအတွင်း လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ရပ်ဆိုင်းထားတာကို တွေ့ရပါတယ်။ မြို့ရွာလူထုမှ ရထားလမ်း ဖောက်လုပ်ရေးနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီး ထံမှတစ်ဆင့် တင်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ-မိုးနဲ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ်မှ စတင်ခဲ့ပါတယ်။ ရထားလမ်းရဲ့ ခန့်မှန်း အရှည်ဟာ (၂၂၆)မိုင် ရှိပြီး စီမံကိန်းကာလက (၁၀)နှစ်ခန့် ဆောင်ရွက်သွားမယ်လို့ ခန့်မှန်း ထားကြောင်း သိရှိရပါတယ်ခင်ဗျား။ ကျိုင်းတုံ-မိုးနဲ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို မိုးနဲဘက်ခြမ်းနှင့် ကျိုင်းတုံဘက်ခြမ်းဆိုပြီး အပိုင်း(၂)ပိုင်းခွဲကာ ကုမ္ပဏီများမှ ဆောင်ရွက်တယ်လို့ သိရှိရပါတယ်ခင်ဗျား။ ကျိုင်းတုံဘက်ခြမ်း

မှာတော့ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်းအထိ (၈၇)မိုင်ကို နောင်တိုကုမ္ပဏီမှ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ခရီးမိုင်(၈၇)မိုင်အနက် ကျိုင်းတုံ- ဝမ်ကောင်းလမ်းအထိ (၅)မိုင်ခွဲကို လမ်းဖောက်နိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ရထားလမ်းဖွင့်လှစ်ခဲ့ပြီး ရထားစတင် ပြေးဆွဲ ပေးခဲ့ပါတယ်။ မိုးနဲ-လင်းခေး အပိုင်းမှာတော့ (၁၇)မိုင်ကျော်သာ မြေကြီးလမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရှိရပါတယ်ခင်ဗျား။

ကျိုင်းတုံလမ်းပိုင်းမှာလည်း ရထားလမ်းပိုင်းဖွင့်ပြီးတဲ့နောက်ပိုင်း ၂၀၁၀ ခုနှစ်ကစပြီးတော့ လုပ်ငန်းရပ်ဆိုင်းထားတာကို တွေ့ရပါတယ်။ ရထားလည်း အစပိုင်းမှာ ကျိုင်းတုံမှ ဝမ်ကောင်းအထိ အသွားအပြန် တစ်နေ့တစ်ကြိမ် ပြေးဆွဲနေပါတယ်။ နောက်ပိုင်းမှာတော့ ရထားလည်း ပြေးဆွဲခြင်း မရှိတော့ပါဘူး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် ရထားလမ်း ဖောက်လုပ်စဉ်မှာ ခက်ခက်ခဲခဲနဲ့လျှိုများကိုဖြတ်ပြီး၊ တောင်များကိုကျော်ဖြတ်ပြီး ဖောက်လုပ်ရပါတယ်။ တချို့နေရာမှာမြေကြီးကို ပေ(၂၀)၊ (၃၀)ဖောက်ရတာလည်း ရှိတယ်။ တချို့နေရာမှာ လျှိုတွေကို ပေ သုံးလေးဆယ် မြေဖို့သွားတာရှိပါတယ် ခင်ဗျား။ တချို့ ရေစိမ့်ထွက်တဲ့နေရာမှာဆိုလို့ရှိရင် လျှိုပိတ် လိုက်တဲ့အတွက် ရေကန်ကြီးသဖွယ် ဖြစ်သွားတဲ့နေရာကြီးများလည်း ရှိပါတယ်။

ယခုအခါ (၃)(၄)နှစ်ကြာလာတဲ့အချိန်မှာ ဖို့မြေရဲ့တချို့မြေအပိုင်းမှာ မြေနိမ့်ဆင်းသွား ပါတယ်။ တချို့နေရာမှာလည်း ရထားလမ်းပေါ် မြေကြီးပိနေတာကိုတွေ့ရပါတယ်ခင်ဗျား။ အဲဒါ ကျွန်တော် အောက်တိုဘာလတုန်းက မေးခွန်းမေးမြန်းစဉ်က တွေ့ရှိရတဲ့အခြေအနေများဖြစ်ပါတယ်။ ယခုအခြေ အနေက ဒီထက်ဆိုးရွားပါတယ်ခင်ဗျား။ အရင်လဆန်းပိုင်းတုန်းက၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တုန်းက ခင်ဗျား။ လျှိုကိုပိတ်ထားတဲ့ရေကန်ကြီးနေရာကနေပြီးတော့ ရေဆက်မထိန်းနိုင်တော့ဘဲ ရထားလမ်းရဲ့ အောက်ခြေ နေရာကနေပြီးတော့ ကန်ပေါင်ကြီး ပေါက်သွားပါတယ်ခင်ဗျား။ အောက်ပိုင်းမှာရှိတဲ့ လယ်မြေတွေလည်း ရေမြုပ်ကုန်ပါတယ်။ ရထားလမ်းအောက်မှာလည်း မြေကြီးအောက်ခံ မရှိတဲ့အတွက် ကြောင့် ဒန်းစီးသလိုပဲ လေထဲမှာလွဲနေတာကို တွေ့ရပါတယ်ခင်ဗျား။ အဲဒါကြောင့် ရပ်ကွက်လူထုမှ ရထားလမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကို သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းလာကြ ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နှစ် ၂၀၁၄-၂၀၁၅ ခုနှစ်တုန်းက ရသုံး ဘတ်ဂျက်မှာ၊ ဆွေးနွေးစဉ်ကာလမှာ အဲဒီခွဲဝေချထားငွေ မတွေ့ရတဲ့အတွက်ကြောင့် ကျွန်တော် နဝမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ တစ်ခါ မေးခွန်းမေးမြန်းခဲ့ ပါတယ်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာလည်း ကျိုင်းတုံ-မိုးနဲ ရထားလမ်းပိုင်းဖောက်လုပ်ရန် အတွက် ခွဲဝေချထားငွေ မတွေ့ရှိရပါဘူး ခင်ဗျား။ ဒါကြောင့် ဒီစီမံကိန်းဟာ၊ လုပ်ငန်းဟာ ပမာဏ ကြီးမားတဲ့ အတွက်ကြောင့် နှစ်စဉ် ဆောင်ရွက်သွားသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ စီမံကိန်းကာလကို (၁၀)နှစ် သတ်မှတ်ထားတယ်ဆိုလို့ရှိရင် အခုလုပ်ငန်းရဲ့ (၂)ရာခိုင်နှုန်းလောက်ပဲ ပြီးစီးပါသေးတယ်။ အဲဒါကြောင့် ကျိုင်းတုံ-မိုးနဲ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ (က) ကျိုင်းတုံ-မိုးနဲ ရထားလမ်းစီမံကိန်းကို ဆက်လက် အကောက်အထည်ဖော်သွားရန် အစီအစဉ် ရှိ/မရှိ၊ (ခ) အစီအစဉ် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်၊ (ဂ) ပျက်စီးနေသော ရထားလမ်းပိုင်းကို ပြင်ဆင်ထိန်းသိမ်းပြီး

ယခင်အတိုင်း ကျိုင်းတုံ-ဝမ်ကောင်းလမ်း ရထားပြန်လည် ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ တို့ကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၀၀။**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တပ်မတော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း-၂၉၆၁၅ ဗိုလ်မှူးအောင်ကျော်ဇောရဲ့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ရထားလမ်းသစ် စီမံကိန်းများမှာ Standard Gavge စနစ်ဖြင့် စတင်ပြင်ဆင်ဖောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး၊ ဦးမြင့်သိန်းက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိရထားလမ်းများဟာ ရထားလမ်းအကျယ် (၁၀၀၀) မီလီမီတာ၊ Meter Gavge ကို အသုံးပြုပြီးတော့ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ရထားလမ်းအကျယ် (၁၄၃၅) မီလီမီတာ (Standard Gavge)၊ အိန္ဒိယနိုင်ငံမှာ ရထားလမ်းအကျယ် (၁၆၇၆) မီလီမီတာ (Broad Gavge)၊ ထိုင်းနိုင်ငံမှာတော့ ရထားလမ်းအကျယ် (၁၀၀၀) မီလီမီတာ (Meter Gavge) ကိုလည်းကောင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာလည်း ရထားလမ်း အကျယ် (၁၀၀၀) မီလီမီတာ (Meter Gavge)တွေကိုပဲ အသုံးပြုလျက်ရှိပါတယ်။

အာရှနှင့်ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၏ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်မည့် အာရှရထား လမ်းမကြီး စီမံကိန်း (Trans-Asian Railway Network) နှင့် ASEAN ရဲ့စင်ကာပူ-ကူမင်း ရထားလမ်း (Singapore-Kunming Rail Link) စီမံကိန်းတို့မှာ ရထားကွန်ရက်ဟာ မြန်မာနိုင်ငံအား ဖြတ်သန်း ဖောက်လုပ်ရန် ရေရှည်လုပ်ငန်းစဉ် အဖြစ်ရေးဆွဲထားရှိပါတယ်။ အဆိုပါ နယ်စပ်ဖြတ်ကျော် ရထားလမ်း စီမံကိန်းများ ပေါ်ပေါက်လာပါက လိုအပ်တဲ့နေရာတွေမှာ Standard Gavge အဖြစ်ဖောက်လုပ် သွားမှာ ဖြစ်ပါတယ်။ ထိုသို့ လမ်းဖောက်ပါက အသုံးပြုနိုင်ရန်အတွက်လည်း Meter Gavge နှင့် Standard Gavge နှစ်မျိုးလုံးကို အသုံးပြုနိုင်တဲ့ Dual Gavge ကွန်ကရစ်ဇလီဖားများကို စမ်းသပ် ထုတ်လုပ်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာ့မီးရထားအနေနဲ့ Standard Gavge ဖောက်လုပ်ရေးအတွက်မူ နောင် အနာဂတ်ကာလတွင် ပေါ်ပေါက်လာမည့် ခေတ်မီနည်းပညာများနှင့်အညီ နှစ်ရှည်အစီအစဉ် နဲ့ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားသွားပါမယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ-မိုးနဲ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနဲ့ စပ်လျဉ်းပြီးတော့ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျိုင်းတုံ-မိုးနဲ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ရထားလမ်းခန့်မှန်းခရီးမိုင်(၂၂၆)မိုင်ဆောင်ရွက်ရန်လျာထားခဲ့ပြီးတော့ ၂၀၀၉ ခုနှစ်မှစပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်း (၅.၆)မိုင်ကို ၁၉-၁၂-၂၀၁၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးတော့ ရထားပြေးဆွဲခဲ့ပါတယ်။ ထိုသို့ပြေးဆွဲလျက်ရှိရာမှာ နေ့စဉ် ခရီးသည် စီးနင်းမှု လွန်စွာနည်းပါးကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ၂၅-၂-၂၀၁၁ ရက်နေ့မှစပြီးတော့ နေ့စဉ် ပြေးဆွဲမှုမရှိတော့ဘဲ တစ်ပတ်လျှင် စနေနေ့ နှင့် တနင်္ဂနွေနေ့ ရုံးပိတ်ရက်(၂)ရက်တွင်သာ ပြေးဆွဲပေးခဲ့ပါတယ်။ ဤသို့ ရထားပြေးဆွဲနေစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပိုင်းအတွင်း တောင်ပြိုခြင်း၊ မြေနိမ့်ကျွံခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ၁၇-၁၁-၂၀၁၁ ရက်နေ့မှစ၍ လမ်းပိုင်း ပိတ်ထားရပြီးတော့ ရထားပြေးဆွဲမှုကိုလည်း ရပ်နားထားရပါတယ်။

မိုးနဲ-ကျိုင်းတုံ ရထားလမ်းစီမံကိန်းကို အောက်ပါအချက်များကြောင့် လောလောဆယ် ဖောက်လုပ်မှုမပြုခဲ့ခြင်း ဖြစ်ပါတယ်။ မြေမျက်နှာပြင် အနေအထားကြမ်းတမ်းခြင်းကြောင့် ရထားလမ်း ဖောက်လုပ်ရာမှာ ကုန်ကျစရိတ်များ ပြားသကဲ့သို့ ဖောက်လုပ်ပြီးစီးသည့်အခါတွင်လည်း ပြုပြင်ထိန်းသိမ်းစရိတ်မှာ လွန်စွာများပြားမှာ ဖြစ်ပါတယ်။ ခေတ်မီနည်းစနစ်များဖြင့် ဥမင်များဖောက်လုပ်ပြီးတော့ ဂုတ်ထိပ်တံတားကြီးကဲ့သို့ တံတားကြီးများ ဆောက်လုပ်၍ ဆောင်ရွက်မှသာ ခရီး အကွာအဝေးတိုတောင်း၍ အကျိုးရှိနိုင်မှာဖြစ်ပါတယ်။ ရထားလမ်းကို မြို့ရွာများနှင့် အနီးဆုံးဖြစ်အောင် ဖောက်လုပ်မည်ဆိုရင်လည်းပဲ လက်ရှိ မြို့ရွာများဟာ မြေပြင်အနိမ့်အမြင့် ကွာခြားချက် များပြားခြင်းကြောင့် ရထားလမ်း ဆင်ခြေလျော ကန့်သတ်ချက်အရ ရထားလမ်းဟာ မြို့ရွာများနှင့် ဝေးကွာသွားနိုင်မည်ဖြစ်ပြီးတော့ ဒေသခံပြည်သူများအတွက် ရထားနဲ့ သွားလာရန်အတွက် အခက်အခဲရှိနိုင်ပြီးတော့ ခရီးသည်၊ ကုန်စည် နည်းပါးနိုင်ပါတယ်။ နောင်မှာ နယ်စပ်ဖြတ်ကျော် ရထားလမ်းတွေ ရှိလာရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနဲ့ ဆောင်ရွက်သွားရန် ရည်ရွယ်ချက် ရှိပါတယ်။

ဋင်းအပြင် အဆိုပါလမ်းပိုင်းအား နှစ်အလိုက်တိုးချဲ့ဖောက်လုပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းချက်အပေါ်မှာ ခရီးသည်ရရှိနိုင်မှုအခြေအနေ၊ ကုန်စည်ရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ/မရှိ တွေကို ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု (Feasibility Study) လေ့လာပြီး အကျိုးရှိမှသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ယခင်က ရထားလမ်းသစ်များတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းကြောင့် လမ်းဟောင်းလမ်းပိုင်းများကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများမှာ

လစ်ဟာခဲ့တဲ့အတွက် လမ်းဟောင်းများကြံ့ခိုင်မှု ကျဆင်းခဲ့ပါတယ်။ ယခုအခါ အဆိုပါကြံ့ခိုင်မှု ကျဆင်းနေတဲ့ ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်၍ လမ်းပိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များပြားပြီး အကျိုးရလဒ် နည်းပါးသောမိုးနဲ-ကျိုင်းတုံ ရထားလမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းအား ရပ်နားထားခဲ့ပါကြောင်း နှင့် လတ်တလောဆက်လက်ဆောင်ရွက်မည့် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်(၁း၀၀)နာရီမှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရှိတဲ့အတွက် ကျန်တဲ့ အစီအစဉ်များကို နောက်တစ်ရက်မှာ ရွှေ့ဆိုင်းပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]